ကြေးမုံ

The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (7-1-2004) (၄၁၀၈)

သိပ္ပံ၌ တော် မင်္ဂလ မုတ္တမံ။

လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

တွေ့ဆုံနှုတ်ဆက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်အခမ်းအနားတွင် သင်တန်းတက်ရောက်ကြသည့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

တစ်မျိုးသားလုံးအတွက် ရေရှည်တည်တံ့ခိုင်ခံ့သော အနာဂတ်ကိုဖော်ဆောင်ပေးမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာရေးမှာ ပြည်သူအားလုံး၏ ညီညာတက်ကြွသော ပူးပေါင်းပါဝင်မှုလို အမျိုးသားရေးလမ်းကြောင်းမှန်ကို ရှင်းလင်းစွာသိမြင်ပြီး တက်ကြွစွာ ပူးပေါင်းပါဝင်လာရန် စည်းရုံးဦးဆောင်

ရန်ကုန် ဇန်နဝါရီ ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက် ၈နာရီ ၄၅မိနစ်တွင် မန္တလေးတိုင်း တံတားဦးရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် တပ်မတော် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိကြသည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

ဇန်နဝါရီ ၆ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်မြင့်မြို့တော် ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၇-၁-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နိုင်ငံတကာဖြစ်ရပ်များ အမျိုးသားရေးသတိဖြင့် ရှုမြင်

ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတကြွယ်ဝအောင် လေ့ကျင့်ပျိုးထောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ကြွားကြွား ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြရမည့် မျိုးဆက်သစ် ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များသည် ဘက်စုံပညာထူးချွန်ထက်မြက်နေရန် လိုအပ်သည်။

ထို့ကြောင့် မျိုးဆက်သစ် ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များအား နိုင်ငံတော်ကို တည်ဆောက်ကာကွယ် နိုင်စေမည့် ပညာရပ်ဆိုင်ရာစွမ်းအား၊ စိတ်ဓာတ်ရေးရာစွမ်းအား၊ လူမှုရေးဆိုင်ရာစွမ်းအားတို့ ပြည့်ဖြိုးခိုင်မာနေစေရေး လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးလိုအပ်ချက်နှင့်အညီ ပြည့်ဝစွာဖြစ်ထွန်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးရာတွင် မူလတန်းမှသည်တက္ကသိုလ်၊ ကောလိပ်အဆင့်အထိ ပညာသင်ကြားပို့ချပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးပါလှပေသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတကာအခြေအနေများနှင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ ရှေ့အနာဂတ်အလားအလာများ၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များကို ပိုမိုသိရှိသဘောပေါက်စေရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းများကို အလေးထားဖွင့်လှစ်ပေးလျက်ရှိရာ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအတွက် သင်တန်းသုံးကြိမ်နှင့် အခြေခံပညာ ဆရာ၊ ဆရာမများအတွက် သင်တန်း ၅၄ ကြိမ် ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့် အခမ်းအနားကို ဇန်နဝါရီလ ၅ ရက်နေ့က လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌက သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအား အမှာစကားပြောကြားရာတွင် **အထူးသဖြင့် နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မပြတ်သည့် အမျိုးသားရေးသတိဖြင့် ရှုမြင်ပြီး မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ရေရှည်အကျိုးစီးပွား မထိခိုက်မနစ်နာစေရအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြဖို့၊ ဘေးပယောဂသွေးထိုးသပ်လျှိုမှုများ၏ ဆိုးညစ်သော အရင်းအမြစ်ကို ပညာသတိဖြင့် ရှုမြင်ရှောင်ရှား နိုင်စေဖို့အတွက် ကျောင်းသူ၊ ကျောင်းသားများနှင့်တကွ ပြည်သူများ အသိအမြင် ဗဟုသုတကြွယ်ဝလာအောင်၊ အမျိုးသားရေးစိတ်ဓာတ် တက်ကြွမြင့်မားလာစေရအောင် ဆရာ၊ ဆရာမများအားလုံးက စည်းရုံးဦးဆောင်ပေးကြဖို့လိုကြောင်း** ပြောကြားခဲ့သည်။

(၂၁) ရာစုသို့ ကူးပြောင်းဝင်ရောက်လျက်ရှိသည့် ယနေ့အချိန်ကာလတွင် သိပ္ပံနှင့် နည်းပညာရပ်များသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။ အဆိုပါ တိုးတက်ပြောင်းလဲမှုများသည် သက်ဆိုင်ရာပညာရပ်နယ်ပယ်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး၊ ယဉ်ကျေးမှုစသည့် အခြားသော ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်အသီးသီးကိုပါ တွင်ကျယ်စွာ လွှမ်းမိုးကြီးစိုးလျက်ရှိသည်။

ထို့ကြောင့် ဆရာ၊ ဆရာမ ပညာရှင်များအနေဖြင့် မိမိတို့သက်ဆိုင်ရာပညာရပ်နယ်ပယ်တွင်သာ နစ်မြုပ်နေ၍မရတော့ဘဲ နိုင်ငံတကာ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအလျဉ်တွင် မျက်ခြည်မပြတ် လိုက်ပါလာနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်အလားအလာ၊ အမျိုးသားရေး မျှော်မှန်းချက်တို့ကို သိရှိသဘောပေါက်ပြီး ပညာရပ်ဆိုင်ရာ စွမ်းပကားဖြင့် အမျိုးသားရေးမျှော်မှန်းချက်များ အောင်မြင်စေရန် အထောက်အကူ ပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို အမျိုးသားရေးသတိဖြင့် ရှုမြင်ပြီး မိမိတို့ တပည့်ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များအား ပညာရပ်ဆိုင်ရာများသာမက အသိအမြင် ဗဟုသုတကြွယ်ဝလာရေး၊ စာရိတ္တနှင့် လူမှုကျင့်ဝတ်၊ လူမှုတာဝန်ဝတ္တရားများပါ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရေး စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည့် အမိန့်ကြော်ငြာစာ (၁/ ၂၀၀၄) ထုတ်ပြန်

(ယမန်နေ့မှအဆက်)

သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးဘငွေ၊ အမှတ်လ/ထ-၃၆၊ ဆင်ဖြူရှင်လမ်း၊ အထက်လယ်ဦးရပ်၊ မိုးကုတ်မြို့နယ်၊ မန္တလေးတိုင်း။
၂။ ဦးသာဒင်၊ ခြံအမှတ် (၃၁) မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဦးဉာဏ်လွင်၊ အမှတ်(၂၃၅-ဃ)ကျိုက်ဝိုင်းဘုရားလမ်း (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးသန်းနိုင်၊ အမှတ်(၁၁၈)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သီရိသုဓမ္မသင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်လှကြည်၊ အမှတ်(၁)၊ ရှင်စောပုလမ်း၊ စိန်ထွန်းရပ်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့တိုင်း)။
၂။ ဒေါက်တာခင်ခင်စိမ့်၊ မ/၃၉၊ ၂၅ x ၂၆၊ ၅၂ လမ်း၊ ၄၂ x၄၃ လမ်းကြား၊ ရဲမွန်တောင်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၃။ ဒေါ်ခင်မြင့်မြင့်၊ အမှတ်(၁၀၆/၁၀၈) ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဒေါ်တင်တင်ဝေ၊ အမှတ်(၃၈) ဂန္ဓမာလမ်း၊ (ဂ)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဒေါ်ဝင်းဝင်းအေး(ခ)မကြီး၊ ည/၂၇၊ အသောကလမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၆။ ဒေါ်ခင်မိမိလှိုင်၊အမှတ်(၆၃-ဒီ)သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးကင်းစိန်၊ အမှတ်(၇၇)အလယ်လမ်း၊ ကညုံရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။
၂။ ဦးအေးလွင်၊ မိတ္ထီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။
၃။ ဦးချူသန်း၊ ၉၉-အက်ဖ်၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးအောင်ကြည်မြင့်၊ အမှတ်(၂၀၇)မြင်စိုင်းလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ ၂၀ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

သီဟသုဓမ္မသင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်တင်မြ၊ အမှတ်(၈၇) ကန်ကြီးရပ်၊ ကုန်သည်လမ်း၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း။
၂။ ဒေါ်ခင်ဝင်း၊ အမှတ်(၁၀၂) ဈေးတောင်လမ်း၊ ခုံဝင်းဒပ်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။
၃။ ဒေါ်သွင်သွင်၊ သစ္စာစေတနာရိပ်မွန်၊ အမှတ်(၆၅၃/၁၆)ရှမ်းပွဲရွှေဘုန်းရှိန်ရပ်၊ ဦးဘသာလမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၄။ ဒေါ်မြင့်မြင့်၊ မြတ်ကျော်စက်မှု၊ (၅၁)လမ်းနှင့်တပင်ရွှေထီးလမ်းထောင့်၊ စက်မှုဇုန်(၂)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။
၅။ ဒေါ်သိန်းမြင့်၊ သဒ္ဒက်သျှိုကျေးရွာ၊ မိုးကုတ်မြို့နယ်၊ မန္တလေးတိုင်း။
၆။ ဒေါ်အေးအေးမော်(ခ)ဒေါ်အေးအေးမွန်၊ အမှတ်မ-၂၄/၃(ဆ)၊ ၆၈ လမ်းနှင့် မိုးသောက်ပန်းလမ်းထောင့်၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။
၇။ ဒေါ်သန်းသန်းနွဲ့၊ တိုက်အမှတ်(၂၁-၂၈) ၈၉ လမ်း၊ ၂၂ x၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၈။ ဒေါ်စန်းစန်းငွေ၊ လ/၆(၅၇+၅၈)ကရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။
၉။ ဒေါ်ခင်သန်းမြင့်၊ ၉၀/ကမ္ဘာအေးစေတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၀။ ဒေါ်ငွေညွန့်၊ အမှတ်(၄) River View ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၁၁။ ဒေါ်ဝင်းဝင်းငွေ(ခ)မငယ်၊ ဆ/၅၆၊ ပိတောက်လမ်း၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးဘိုကြီး(ခ)ဦးအောင်ငွေ၊ အမှတ်(၃)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဦးမြင့်စိုး၊ ရန်ကုန်-မန္တလေးလမ်းမတော်၊ ရွှေပြည်ရန်နိုင်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။
၃။ ဦးတင်အောင်၊ အမှတ်(၈၇၀-စီ) ကျောင်းလမ်း(၁၀)မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးဇေယျသူရမွန်၊ အမှတ်(၄) C&D ယုဇနလမ်း(၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဦးရဲထွန်းနိုင်၊ အခန်း(၄၀၂)၊ တိုက်(ဘီ)၊ အမှတ်(၅)ရပ်ကွက်၊ ပညာဝတီလမ်း၊ ပညာဝတီရိပ်မွန်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

သုဓမ္မသင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ခင်စော၊ အမှတ်(၈၀)ပိတောက်ပင်အထက်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၂။ ဒေါ်သိန်းကျင်၊ အမှတ်(၃၂)ဦးဘချိုလမ်း၊ အမှတ်(၂)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီလမ်း။

အမိန့်အရ

(ပုံ)

စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ



ဆွတ်ခူးရရှိ

ဇန်နဝါရီ ၄ရက်က ၂၀၀၄ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စတုတ္ထအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ တံခွန်စိုက်ဖလား ဆွတ်ခူးရရှိသွားသည့် ကာကွယ်ရေးအသင်းကို ဆုယူအပြီး တွေ့ရစဉ်။ (ကြေးမုံ)

မြတ်ဆရာ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ဖြူးမြို့အုတ်ဖြတ်လမ်း အလယ်တန်းကျောင်း၌ ၁၉၅၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကြီး၊ ဆရာမကြီးများနှင့် ၁၉၅၂ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို ဇန်နဝါရီ ၁၈ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ဖြူးမြို့ အထက (၂) ခန်းမတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

အီရတ်သို့ထွက်ခွာမည့် ဘူဂေးရီးယားတပ်ဖွဲ့နှင့်လိုက်ပါရန် ဘူဂေးရီးယားတပ်ဖွဲ့ဝင် နှစ်ဒါဇင်ကျော် ငြင်းဆို

ဆိုဖီယာ(ဘူဂေးရီးယား)

ဇန်နဝါရီ ၅

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ ဖြစ်ပွားရာ၌ ဘူဂေးရီးယားတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ပြီးနောက် အီရတ်နိုင်ငံသို့ ဦးတည်ထွက်ခွာမည့် တပ်ဖွဲ့ဝင် ၅၀၀ ပါဝင်သည့် ဘူဂေးရီးယားတပ်ဖွဲ့၌ ပါဝင်ရန် ဘူဂေးရီးယားတပ်ဖွဲ့ဝင် နှစ်ဒါဇင်ကျော်က ငြင်းဆိုထားကြကြောင်း ဘူဂေးရီးယား စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နီကိုလာကိုလက်ဗ်က သောကြာနေ့တွင်ပြောကြားသည်။

ငြင်းဆို

ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၂၅ ဦးမှ ၃၀ ဦးထိ တာဝန်ထမ်းဆောင်ရန် ငြင်းဆိုကြကြောင်း ဗိုလ်ချုပ်ကြီး ကိုလက်ဗ်က ဘူဂေးရီးယား ရေဒီယိုသို့ ပြောကြားသည်။

အစားထိုး

ပိုလန် ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့၏ တစ်စိတ်တစ်ဒေသ အနေဖြင့် စက်တင်ဘာလကတည်းက တာဝန်ထမ်းဆောင်နေသည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၄၈၀ ဦးအား အစားထိုးရန် ဘူဂေးရီးယားတပ်ဖွဲ့ဝင်များသည်အီရတ်နိုင်ငံသို့ သွားရောက်ရန် အစီအစဉ်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်က ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက် မိုင် ၇၀ အကွာ ကာဘာလာမြို့တွင်ကားဗုံးများပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သူ ၁၉ ဦးထဲတွင် ဘူဂေးရီးယားတပ်ဖွဲ့ဝင်ငါးဦးလည်း ပါဝင်သည်။ ယင်းမှာ အီရတ်နိုင်ငံတွင် ပထမဆုံး သေဆုံးခဲ့ရသော ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။

အင်တာနက်။

ဘဂ္ဂဒက်တောင်ပိုင်း၌ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အမေရိကန်စစ်ဌာနချုပ် အမည်ထုတ်ဖော်ပြောကြား

ရာလေး(အမေရိကန်) ဇန်နဝါရီ ၅

အမေရိကန်ပြည်ထောင်စု ဖို့တ်ဘရက်၌ အခြေစိုက်သည့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးမှာ အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် သီတင်းပတ်က သေဆုံးခဲ့ရသည်။

သေဆုံး

ကျွမ်းကျင်သူဖြစ်ကြသည့် ဗာမွန့်ပြည်နယ်မှ ဆော်လိုမွန်ဘန်လာယန်နှင့် နယူးဂျာစီပြည်နယ်မှ မတ်ဆိုင်ဒင်တို့သည် ၎င်းတို့ စီးနင်းလိုက်ပါသည့် စစ်ယာဉ်တန်းကို ဘဂ္ဂဒက်မြို့တောင်ဘက်တွင် အီရတ် ခုခံတွန်းလှန်သူများက တိုက်ခိုက်သဖြင့် သောကြာနေ့တွင် သေဆုံးခဲ့သည်။

ဒဏ်ရာရရှိ

ဗုံးတစ်လုံး၊ အသေးစားလက်နက်များနှင့် ဒုံးပစ်လောင်ချာတစ်လက်တို့ဖြင့် ပစ်ခတ်သည့် ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးတို့လည်း ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

သောကြာနေ့က အီရတ်ခုခံတွန်းလှန်သူများ၏ ပစ်ခတ်မှုကြောင့် ကင်းထောက် ပျံသန်းရေး ကီအိုဝါ ရဟတ်ယာဉ် ပျက်ကျခဲ့ရာတွင် သေဆုံးခဲ့ရသော အမှတ်(၈၂) လေကြောင်းချီတပ်မမှ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး၏ အမည်ကို အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ပထမဆုံးအမေရိကန်အမျိုးသမီးရဟတ်ယာဉ်မှူး

သေဆုံးသူသည် အမျိုးသမီးဖြစ်ပြီး ၎င်းမှာဗိုလ်ကြီး ကမ်ဘာလီဟမ်ပတန်ဖြစ်ကာ ၎င်းသည် အီရတ်နိုင်ငံ၌ သေဆုံးသော ပထမဆုံး အမျိုးသမီးအမေရိကန်ရဟတ်ယာဉ်မှူး ဖြစ်သည်။

အင်တာနက်။

ကင်းလှည့်စောင့်ကြပ်

ဇန်နဝါရီ ၅ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ လမ်းတစ်လမ်းပေါ်တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိသျှ တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ လုံခြုံရေးတပ်လှန့်မှု လေကြောင်းလိုင်းများနစ်နာ

ဝါရှင်တန် ဇန်နဝါရီ ၅

အားလပ်ရက်ဆောင်းရာသီအတွင်း အမေရိကန် လေယာဉ်များ အပိုင်စီးခံရနိုင်မည့်အရေးများမှ ရှောင်ရှားနိုင်ရန်အတွက် လုံခြုံရေး တပ်လှန့်တိုးမြှင့်ဆောင်ရွက်မှုများ ပြုလုပ်လာရသည်။ အဆိုပါ လုံခြုံရေးတပ်လှန့်မှုများကြောင့် လေကြောင်းလိုင်း အတော်များများအတွက် လေယာဉ်ခရီးစဉ် ဖျက်သိမ်းခြင်း၊ ရွှေ့ဆိုင်းခြင်းများ ပြုလုပ်ကာ ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။

သို့ရာတွင် အချို့သော ထောက်လှမ်းရေးအချက်အလက်ဆိုင်ရာ ကျွမ်းကျင်သူများကအဆိုပါ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းမှုအပေါ် ပြစ်တင်ဝေဖန်ခဲ့ကြသည်။

အကြမ်းဖက်တိုက်ခိုက်ရန်စီစဉ်နေမှုများကို ထောက်လှမ်းရေးဆောင်ရွက်ခြင်းဖြင့် သေချာစွာ နှိမ်နင်းကိုင်တွယ်ဖြေရှင်းခြင်းသာ ပြုသင့်သည်ဟု ဝေဖန်လျက်ရှိကြောင်းစီစီတီဗွီသတင်းဌာနက ဖော်ပြသည်။ ***စီစီတီဗွီ။***

ဘင်္ဂလားဒေ့ရှ်တွင် အအေးလှိုင်းကျရောက် သေဆုံးသူ စုစုပေါင်း လူ ၅၀ ကျော် ရှိသွားပြီ

ဒါကာ ဇန်နဝါရီ ၅

ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်းတွင် အအေးလှိုင်းကျရောက်မှုကြောင့် သေဆုံးသူ စုစုပေါင်းသည် ၅၀ ရှိသွားပြီဖြစ်ကြောင်းနှင့် ရာသီဥတုအခြေအနေမှာ နောက်ထပ်သုံးရက်မှ လေးရက်အထိ ဆက်လက် ဆိုးရွားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည့်အတွက် သေဆုံးသူ တိုးပွားလာနိုင်ကြောင်း ဒါကာမြို့ထုတ် သတင်းစာများက စနေနေ့တွင် ရေးသားဖော်ပြသည်။

၃၀ ခန့် သေဆုံး

အပူချိန် ၉ ဒီဂရီဆဲလ်ဆီးယပ်စ် (၄၈ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)အထိ ကျဆင်းခဲ့သည့် နိုင်ငံ အနောက်မြောက်ပိုင်းခရိုင်များတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဆင်းရဲသားများနှင့် အိုးအိမ်မဲ့အများစု အပါအဝင် အနည်းဆုံး လူ ၃၀ ခန့် သေဆုံးခဲ့ရသည်။

ကုသနေရ

အအေးပြင်းထန်သည့်အတွက် လူ ၂၀၀ ကျော် ဆေးရုံတက်ရောက်ကုသနေရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များနှင့် သတင်းစာများက ပြောဆိုရေးသားကြသည်။

သတိထားသွားလာ

ဆီးနှင်းများ ထူထဲစွာကျဆင်းနေသည့်အတွက် ဘတ်စ်ကားများနှင့် ရထားများမှာ သတိထား၍ သွားလာခုတ်မောင်းနေကြရသည်။

အမ်အင်အေ၊ရိုက်တာ။

ဇန်နဝါရီ ၅ ရက်က အီရတ်နိုင်ငံတီကရစ်မြို့၌ဆေးဝါးကုသမှုခံယူရန် အမေရိကန် အခြေစိုက်စခန်းသို့ ရောက်ရှိလာသည့် ဒဏ်ရာရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်သို့ အမေရိကန် တပ်ဖွဲ့ဝင်အမြောက်အမြား လဲလှယ်ချိန် အခွင့်ကောင်းယူ ခုခံတိုက်ခိုက်မှုများ ဖြစ်စေနိုင်

ဝါရှင်တန် ဇန်နဝါရီ ၅

အမေရိကန် ကာကွယ်ရေးဌာနသည် ယခုနှစ်အတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်အမြောက်အမြားအား အလှည့်ကျစေလွှတ်ရေးကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နေရာ ယင်းတပ်ဖွဲ့ဝင်များ အီရတ်သို့ ရောက်ရှိချိန်နှင့် အီရတ်မှ ထွက်ခွာချိန်တို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား အခွင့်ကောင်းရယူကာ တိုက်ခိုက်မှုများဖြစ်စေနိုင်ကြောင်း ယူအက်စ်အေတူဒေး စာစောင်က သောကြာနေ့တွင် ပြောကြားသည်။

ဇန်နဝါရီလနှောင်းပိုင်းမှ မေလအထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၂၃၀၀၀ ခန့်သည် အီရတ်နိုင်ငံမှ ထွက်ခွာ မည်ဖြစ်ပြီး တပ်ဖွဲ့ဝင်အသစ် ၁၁၀၀၀၀ ခန့်ဖြင့် အစားထိုးမည် ဖြစ်သည်။

အမေရိကန်ဦးဆောင်သည့် အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့များကို တိုက်ခိုက်နေသော အီရတ် ခုခံတွန်းလှန်သူများက အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်သို့ ရောက်ရှိစဉ်နှင့် အီရတ်မှ ပြန်လည်ထွက်ခွာချိန်တို့သည် အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန်အခွင့်အလမ်းကောင်းတစ်ရပ်အဖြစ် ရှုမြင်ထားကြကြောင်း ပင်တဂွန်စစ်ဌာနချုပ်နှင့် အကဲခတ်သမားများက ပြောကြားသည်ဟု စာစောင်က ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ခုခံတိုက်ခိုက်မှုများ ပိုမိုစနစ်ကျ ခေတ်မီလာ အီရတ်ဆိုင်ရာ ဗြိတိသျှကိုယ်စားလှယ် ဝေဖန်ပြောဆို

ဘာဆရာ ဇန်နဝါရီ ၅

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ ပိုမိုစနစ်ကျ ခေတ်မီလာကြောင်း၊ အနာဂတ်ကာလတွင် ပြင်းထန်သော ဖုံးခွဲတိုက်ခိုက်မှုများ တိုးမြင့်ပြုလုပ်လာမည်ဟု မိမိမျှော်လင့်ကြောင်း အီရတ်ဆိုင်ရာ ဗြိတိသျှကိုယ်စားလှယ် ဆာဂျာရမီဂရင်းစတော့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပေါက်ကွဲ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ လူကုံထံတို့ စားသောက်ရာ စားသောက်ဆိုင်တစ်ဆိုင်တွင် ပေါင်၅၀၀ ရှိ အင်အားပြင်းထန်သော ဖုံးတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့မှုကို ရည်ညွှန်းလျက် ၎င်းက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဒီဇင်ဘာ ၂၇ ရက်က ချိန်ကိုက်ကာ ပြုလုပ်သည့် ခုခံ တိုက်ခိုက်မှုများအပြင် ကားဖုံးပေါက်ကွဲမှု လေးခုဖြစ်ပွားခဲ့ရာ လူ ၁၉ ဦး သေဆုံးပြီး လူ ၁၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဤဖြစ်ရပ်ကို ကြည့်လျှင်လည်း ခုခံတိုက်ခိုက်မှုများ ထိရောက်မှုရှိသည်ကို တွေ့ရကြောင်း ၎င်းက ပြောကြားသည်။

ခုခံတိုက်ခိုက်မှုများအနက် ၈၀ ရာခိုင်နှုန်းအထိမှာ ဆက်ဒမ်အား သစ္စာခံသူများက ပြုလုပ်ခြင်းဖြစ်ကြောင်း ဂရင်းစတော့က ပြောကြားသည်။

ပစ်ခတ်ခံရ

ဆက်ဒမ်၏ ဇာတိမြို့ဖြစ်သော တီကရစ်တွင် ခြေကျင်ကင်းလှည့်ထွက်လာသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး တနင်္ဂနွေနေ့က ပစ်ခတ်ခံရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

ဇန်နဝါရီ ၅ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့၏ အခြေစိုက်စခန်းမှနေ၍ ထွက်ခွာရန် ပြင်ဆင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့် ပါကစ္စတန်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၅

နျူကလီးယားလက်နက်များပိုင်ဆိုင်ကြသည့် ပြိုင်ဘက်နှစ်နိုင်ငံဖြစ်သော အိန္ဒိယနှင့်ပါကစ္စတန်တို့မှ ဝန်ကြီးချုပ်များသည် ၂၀၀၂ခုနှစ်၌ နှစ်နိုင်ငံအကြား စစ်ပွဲဖြစ်လုနီးနီး အခြေအနေရှိခဲ့ချိန်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တနင်္ဂနွေနေ့က မျက်နှာချင်းဆိုင်နှစ်ကိုယ်တည်းဆွေးနွေးကြရာ ငြိမ်းချမ်းရေးမျှော်လင့်ချက်များကို တိုးတက်စေခဲ့သည်။

တွေ့ဆုံ

အိန္ဒိယဝန်ကြီးချုပ်ဗာ့ဂျ်ပါယီးနှင့် ပါကစ္စတန်ဝန်ကြီးချုပ်ခန်းဂျမာလီတို့သည်နှစ်ကိုယ်တည်း မဆွေးနွေးမီ၎င်းတို့၏လက်ထောက်များနှင့်အတူ ခေတ္တဆွေးနွေးကြကြောင်း ဂျမာလီ၏ သတင်းပြန်ကြားရေးအတွင်းဝန် ရိုင်ရီယာဇ်က ရိုက်တာသတင်းဌာနသို့ပြောကြားသည်။

ကောင်းမွန်သည့်ဆွေးနွေးပွဲ

နှစ်နိုင်ငံဝန်ကြီးချုပ်တို့၏ တွေ့ဆုံဆွေးနွေးပွဲသည် ကောင်းမွန်သည့်ဆွေးနွေးပွဲဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး မာမွတ်ကာဆူရီက သတင်းထောက်များအား ပြောကြားသည်။

အဆက်အသွယ်မရှိ

ပါကစ္စတန်သမ္မတပါဗက်ဇ်မူရှာရက်ဖ်နှင့် တနင်္ဂနွေနေ့မွန်းလွဲပိုင်း၌ ကျင်းပမည့်ညစာစားပွဲတွင် တွေ့ဆုံဆွေးနွေးနိုင်မည်ဟု ဗာ့ဂျ်ပါယီးက မျှော်လင့်ထားသည်။

ဗာ့ဂျ်ပါယီးသည် ၂၀၀၁ခုနှစ် ဇူလိုင်လတွင် အိန္ဒိယနိုင်ငံ အက္ကရာမြို့၌ကျင်းပသည့် မအောင်မြင်သည့် ထိပ်သီးဆွေးနွေးပွဲတွင် တွေ့ဆုံခဲ့ကြပြီး လွန်ခဲ့သည့်နှစ်နှစ်က နီပေါနိုင်ငံတွင်ကျင်းပခဲ့သည့် တောင်အာရှထိပ်သီးဆွေးနွေးပွဲတွင် ၎င်းတို့နှစ်ဦးသည် ခေတ္တမျှလက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။ ယင်းအချိန်နောက်ပိုင်း ၎င်းတို့နှစ်ဦးသည် အဆက်အသွယ် မရှိကြတော့ပေ။ ***အမ်အင်အေ၊ရိုက်တာ။***

ဆားစ်ရောဂါ ဟန့်တားရေးနှင့် ဆောလျင်စွာကုသရေး ဟောင်ကောင်ကျန်းမာရေးဌာနများ သတိဝီရိယထားဆောင်ရွက်

ဟောင်ကောင် ဇန်နဝါရီ ၅

ဟောင်ကောင်ဆေးပညာအသင်း၊ ဆေးရုံအာဏာပိုင်အဖွဲ့၊ ဟောင်ကောင်ဆရာဝန်များ သမဂ္ဂနှင့်ပုဂ္ဂလိကဆေးရုံ ၁၂ ရုံတို့မှ ကိုယ်စားလှယ်များသည် ကူးစက်မြန်ပြင်းထန်အသုတ်ရောင်ရောဂါ(ဆားစ်) ဟန့်တားရေးနှင့် ဆောလျင်စွာကုသရေးတို့အတွက် ဆက်လက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် စနေနေ့တွင် တွေ့ဆုံဆွေးနွေးပြီး သဘောတူညီကြသည်။

ဆက်လက်ဆောင်ရွက်မည်

အဆိုပါ ကိုယ်စားလှယ်များသည် ဆားစ်ရောဂါနှင့်ပတ်သက်၍ သတိဝီရိယထားပြီး စုံစမ်းထောက်လှမ်းမှုကို တင်းကျပ်စွာ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

ဟောင်ကောင်ဒေသ ကျန်းမာရေး ယာယီဒုတိယညွှန်ကြားရေးမှူး ဂျီဂျီချန်သည် ယင်းကိုယ်စားလှယ်များနှင့် စနေနေ့က တွေ့ဆုံသည်။

တရုတ်ပြည် ကွမ်တုန်ပြည်နယ် ကွမ်ချောင်မြို့မှ သက်္ကာမကင်းဖွယ် ဆားစ်ရောဂါ ဝေဒနာရှင် နှင့် ပတ်သက်၍ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို၎င်းကတင်ပြသည်။

လူဝင်မှုကြီးကြပ်ရေးထိန်းချုပ်မှု စခန်းအားလုံး၌ ကြိုတင်ပြင်ဆင်ရေး အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ စစ်ဆေးခံရသူများအနက်မှ ခုနစ်ဦးတွင် အဖျားရှိနေကြပြီး ၄၄ ဦးမှာ နေထိုင်မကောင်း ကြောင်းဖြင့် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စောင့်ကြည့်

ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့၏ ယာယီအုပ်ချုပ်ရေးအဖွဲ့ဌာနချုပ်ရှေ့တွင် ဆန္ဒပြနေသည့် အီရတ်ပြည်သူများအား အကဲခတ်စောင့်ကြည့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ခုခံတွန်းလှန်တိုက်ခိုက်မှုများ တိုးမြှင့်ဖြစ်ပေါ်မည်ကို စိုးရိမ် အမေရိကန်တပ်ဖွဲ့ဝင် ၄၈၃ ဦး အီရတ်တွင် သေဆုံးခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့သည် ခုခံတွန်းလှန်မှုများကို တိုးမြှင့်ဖြစ်ပေါ်လာနိုင်ဖွယ်ရှိမှုအတွက် စိုးရိမ်ပူပန်မှုများ ပေါ်ထွက်လျက်ရှိသည်။

— စတင်ခဲ့ချိန် —

အီရတ်နိုင်ငံတွင် စစ်ဆင်ရေးလုပ်ငန်းများ စတင်ခဲ့ချိန်မှစ၍ အမေရိကန်တပ်ဖွဲ့ဝင် ၄၈၃ဦးသေဆုံးခဲ့ရပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းအင်းကိန်းဂဏန်းများတွင် ဖော်ပြသည်။

— အခြားအကြောင်းတရားများ —

ယင်းသို့သေဆုံးရသူ ဦးရေအနက် ၃၃၀ မှာ တိုက်ခိုက်မှုများအတွင်း သေဆုံးခြင်းဖြစ်ပြီး ၁၅၃ ဦးမှာမူ တိုက်ခိုက်မှုနှင့် သက်ဆိုင်ခြင်းမရှိသည့် အခြားသော အကြောင်းတရားများကြောင့်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

— သေဆုံး —

အီရတ်နိုင်ငံတွင် ဗြိတိသျှတပ် ဖွဲ့ဝင်များ သေဆုံးရသမျှမှာ ၅၄ ဦးအထိ ရောက်ရှိသွားပြီဖြစ်သည်။

— အခြားတပ်ဖွဲ့များမှ —

အမေရိကန်အပေါင်းပါ အခြားတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များမှာမူ အီတလီတပ်ဖွဲ့ဝင် ၁၇ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယား ငါးဦး၊ ဒိန်းမတ် တစ်ဦး၊ ယူကရိန်းတစ်ဦး၊ ပိုလန် တစ်ဦးနှင့် အခြားတပ်ဖွဲ့ဝင် နှစ်ဦးတို့ဖြစ်ကြသည်။

အီရတ်တွင် အဓိကစစ်ဆင်ရေးလုပ်ငန်းများ ပြီးဆုံးပြီဟု သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ်ထုတ်ပြန်ကြေညာခဲ့သော မေ ၁ ရက် နောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၄၅ဦး သေဆုံးခဲ့ရသည်။

ယင်းအနက် ၂၁၅ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၃၀ မှာမူ တိုက်ခိုက်ခြင်းနှင့် မသက်ဆိုင်သော အကြောင်းတရားများကြောင့်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။

— ဒဏ်ရာရရှိ —

အီရတ်နိုင်ငံတွင်စစ်ဆင်ရေးလုပ်ငန်းများ စတင်ခဲ့ချိန်မှစ၍ အမေရိကန်တပ်ဖွဲ့ဝင် ၂၃၉၇ ဦးမှာ တိုက်ခိုက်မှုများနှင့် သက်ဆိုင်နေသော အကြောင်းတရားများကြောင့် ဒဏ်ရာရရှိသည်။

၃၈၂ဦးမှာမူ တိုက်ခိုက်မှုနှင့် သက်ဆိုင်ခြင်းမရှိသော အခြားအကြောင်းတရားများကြောင့် ဒဏ်ရာရရှိခဲ့ရသည်။ ***အင်တာနက်။***

အီရတ်ရှိ အမေရိကန်စစ်စခန်းနှင့် မော်တော်ယာဉ်တန်းများ တိုက်ခိုက်ခံခဲ့ရ

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တစ်စီး ဖြတ်သန်းစဉ် ဘဂ္ဂဒက်မြို့ တောင်ဘက်တွင် လွန်ခဲ့သည့် သောကြာနေ့က လမ်းဘေးဗုံး ထိမှန်ပေါက်ကွဲခဲ့သောကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း သိရသည်။ ထို့အပြင် ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ဘက်ရှိ အခြေစိုက်စခန်းတစ်ခုမှာလည်း စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရခြင်းကြောင့် နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ပစ်မှတ်ထား

ယင်းအတောအတွင်း ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒူရာအရပ်တွင် အီရတ်လက်နက်ကိုင်ခုခံတိုက်ခိုက်သူများက စိန်ပြောင်းများ၊ ဒုံးကျည်များနှင့် လှမ်းပစ်နေသည်ဟု သံသယရှိသည့် နေရာများကို ပစ်မှတ်ထားကာ အမေရိကန်တပ်ဖွဲ့က အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

မီးလောင်

ယခုကဲ့သို့ အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုသည် အမေရိကန်တို့၏ စစ်ဆင်ရေးအရ တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် ရာမာဒီဒေသတွင် အီရတ်လက်နက်ကိုင်ခုခံတိုက်ခိုက်သူများက အမေရိကန်တပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းတစ်ခုကို တိုက်ခိုက်ခဲ့ကြရာ လောင်စာဆီတင် ထရပ်ကားကြီးတစ်စီးကို ထိမှန်မီးလောင်သွားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

ကြည့်ရှု

ဇန်နဝါရီ၅ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် ရေနံချက်စက်ရုံ မီးလောင်ရာမှ တက်လာသည့် မီးခိုးလိပ်ကြီးအား ကြည့်ရှုနေသည့် အီရတ်အမျိုးသားတစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆာအတ်နိုင်ငံများ အသေးအဖွဲ့ကိစ္စ ပြိုင်ဆိုင်မှုများ ရပ်ဆိုင်းရန် အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါယီး တိုက်တွန်း

အစ္စလမ္မာဘတ် ဇန်နဝါရီ ၅

တောင်အာရှဒေသကို ချောက်ချားစေသည့် အပြန်အလှန် မယုံသင်္ကာရှိမှုနှင့် အသေးအဖွဲ့ ပြိုင်ဆိုင်မှုများ ရပ်ဆိုင်းရန် အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါယီးက တနင်္ဂနွေနေ့တွင် တိုက်တွန်းလျက် တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဆာအတ်) နိုင်ငံများအတွင်း တစ်နိုင်ငံ၏ လုံခြုံရေးခြိမ်းခြောက်မှုအပေါ် ပိုမိုအလေးထား တုံ့ပြန်ဆောင်ရွက်ရန် အကြံပြုလိုက်သည်။

အဖွဲ့ဝင် ခုနစ်နိုင်ငံ ပါဝင်သည့် ဆာအတ် ထိပ်သီးအစည်းအဝေး သမိုင်းဝင် ဖွင့်လှစ်စဉ်တွင် အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါယီးက အထက်ပါအတိုင်း တိုက်တွန်းပြောကြားလိုက်ခြင်း ဖြစ်သည်။

ချမှတ်ဆောင်ရွက်

လာမည့် သုံးရက်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် အခြားသော အရေးကိစ္စများ ဆွေးနွေးရန် အိန္ဒိယဝန်ကြီးချုပ်နှင့်တကွ အခြားသော ဆာအတ်ခေါင်းဆောင်များ ဂျင်းနားညီလာခံဌာနသို့ စုရုံးရောက်ရှိစဉ် မကြုံစဖူး လုံခြုံရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်ထားသည်။

သဘောတူညီမှုများရရှိ

တနင်္ဂနွေနေ့ နံနက်က ထိပ်သီးအစည်းအဝေး တရားဝင် ဖွင့်လှစ်ခြင်း မပြုမီကပင် ဆာအတ်နိုင်ငံအချင်းချင်း လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုများ ရရှိနေပြီဖြစ်သည်။ ထို့ပြင် အကြမ်းဖက်မှု ကိုင်တွယ်ဖြေရှင်းရေးတွင် တစ်နိုင်ငံချင်း တာဝန်များကိုလည်း ထပ်မံရယူကြသည်။

ချီးကျူး

အိန္ဒိယနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် ဘူတန်ပိုင်နက်ကို ခြေကုပ်ယူရန် ကြိုးပမ်းနေသည့် သူပုန်များအား ဘူတန်ဘုရင်နှင့် ဘူတန်အစိုးရတို့က သတ္တိရှိရှိဖြင့်မကြာမီက ဆောင်ရွက်လိုက်ခြင်းကို အိန္ဒိယဝန်ကြီးချုပ်က ၎င်း၏ အဖွင့်မိန့်ခွန်းတွင် လှိုက်လှဲစွာ ချီးကျူးလိုက်သည်။

ယင်းမှာ ဘူတန်နိုင်ငံ၏ ရေရှည်လုံခြုံရေး အကျိုးစီးပွားများအတွက် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံ၏ လုံခြုံရေးရာ ကိစ္စများကိုပါ တုံ့ပြန်ဆောင်ရွက်နိုင်မှုကို ထင်ရှားစွာ သာဓက ပြလိုက်ခြင်းဖြစ်သည်ဟုဆိုသည်။ ***အင်တာနက်။***

အီရတ်တွင် ယမန်နှစ်က သတင်းစာဆရာ ၁၃ ဦး သေဆုံး တစ်ကမ္ဘာလုံး၌ သေဆုံးသူ ၃၆ ဦးရှိ

နယူးယောက် ဇန်နဝါရီ ၄

အီရတ်နိုင်ငံအတွင်း စစ်သတင်းယူရင်း ယမန်နှစ်က သေဆုံးသည့် သတင်းစာဆရာပေါင်း ၁၃ ဦးရှိကြောင်း၊ ယင်းမှာ ၁၉၉၅ ခုနှစ်နောက်ပိုင်း တစ်နိုင်ငံတည်းတွင် သတင်းစာဆရာသေဆုံးမှု အများဆုံးဖြစ်ကြောင်း သတင်းစာဆရာများကာကွယ်ရေးကော်မတီ(စီပီဂျေ)က သောကြာနေ့တွင် ကြေညာသည်။

ကမ္ဘာတစ်ဝန်းတွင် ယမန်နှစ်က သေဆုံးသူ သတင်းစာဆရာပေါင်း ၃၆ ဦးရှိရာ ၁၉ ဦးသာ သေဆုံးသည့် ၂၀၀၂ ခုနှစ်ထက် ပိုများကြောင်း စီပီဂျေက ကြေညာသည်။

အီရတ်စစ်သတင်းမှာ ယနေ့တိုင် အမေရိကန်မီဒီယာအတွက် သတင်းကြီးသတင်း ဖြစ်နေသေးကြောင်း၊ အီရတ်တွင် အန္တရာယ်ရှိသော်လည်း အမြဲတမ်းလိုလိုပင် သတင်းစာဆရာ ရာနှင့်ချီ၍ ရှိနေကြောင်း စီပီဂျေ၏ အမှုဆောင်ဒါရိုက်တာ အန်းဘူးပါးက ပြောဆိုသည်။ အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ အရှေ့အလယ်ပိုင်း ပဋိပက္ခတွင်လည်း သတင်းစာဆရာနှစ်ဦး သေဆုံးခဲ့သည်။

ပြီးခဲ့သည့်နှစ် အတွင်းတွင် ဖိလစ်ပိုင်၌ ငါးဦး၊ ကိုလံဘီယာ၌ လေးဦး၊ ဘရာဇီး၌ နှစ်ဦး၊ ကမ္ဘောဒီးယား၊ ဂွါတီမာလာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ အိုင်ဖရီကို့စ်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ ဆိုမာလီယာနိုင်ငံတို့၌ သတင်းစာဆရာ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

— အများဆုံး သေဆုံး —

တစ်နှစ်အတွင်း သတင်းစာဆရာ အများဆုံး သေဆုံးသည့် နိုင်ငံမှာ အယ်ဂျီးရီးယားနိုင်ငံဖြစ်ပြီး လွန်ခဲ့သည့် ရှစ်နှစ်က သတင်းစာဆရာ ၂၄ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတွင် ခုခံတွန်းလှန်ရေးသမားများက အမေရိကန်တပ်ဖွဲ့အားပစ်မှတ်ထားသည့် လမ်းဘေးဗုံးထောင်မှုများနှင့် အခြားတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ အမေရိကန်စစ်ဘက်သုံးယာဉ်များ ဗုံးဒဏ်ခံနိုင်စေရန်နှင့် ကျည်ထိမှန်မှုဒဏ် ခံနိုင်စေရန် သံမဏိပြားများကို ကားများတွင် ထပ်ပိုးတပ်ဆင်လျက်ရှိသည်။ ဇန်နဝါရီ ၅ ရက်က ကယ်ကွတ်မြို့ရှိ အလုပ်ရုံတစ်ရုံတွင် အမေရိကန်တပ်ဖွဲ့မှ ဟမ်းဗီးယာဉ်များအား သံမဏိပြားများ တပ်ဆင်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦး ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံး ယခုအချိန်ထိ အီရတ်၌ သေဆုံးသူ ဗြိတိန်တပ်ဖွဲ့ဝင် ၅၅ဦးရှိပြီ

လန်ဒန် ဇန်နဝါရီ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် နှစ်သစ်ကူးနေ့ နံနက်အစောပိုင်းက ဗြိတိန်တပ်ဖွဲ့ဝင် နှစ်ဦးတို့ သေဆုံးခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

နံရံကို တိုက်မိ

ဗြိတိန်တပ်ဖွဲ့မှ ဗိုလ်မှူးဂိုမ်းစ်စတင်နာနှင့် တပ်ကြပ်ကြီး နော်မန်ပစ်ကာဆင်တို့သည် ၎င်းတို့ စီးနင်းလိုက်ပါသည့်ကား နံရံကို တိုက်မိသဖြင့် သေဆုံးခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်စစ်ပွဲ စတင်ချိန်ကတည်းက အီရတ်နိုင်ငံ၌ သေဆုံးသည့် ဗြိတိန်တပ်ဖွဲ့ဝင် ဦးရေမှာ ၅၅ ဦး ရှိသွားပြီဖြစ်သည်။

ဗြိတိန်တပ်ဖွဲ့ဝင် အများစုမှာ အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ တစ်ဝိုက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ပြောကြားခြင်း မရှိ

ယခု သေဆုံးသူ နှစ်ဦးမှာ ဘဂ္ဂဒက်မြို့တွင် တာဝန်ထမ်းဆောင်ခြင်း ဟုတ်၊မဟုတ်ကို ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခြင်း မရှိပေ။ ***အင်တာနက်။***

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရား စခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ဝဏ္ဏသိင်္ဂလမ်းရှိ ဆပ်သွားဖူးကျောင်း၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၂၇၆)တွင် ပဓာနနာယက ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာတွင် ဇန်နဝါရီလ ၁၀ ရက်မှ ၁၆ ရက်ထိ ဆရာတော်ဦးဝိသိဋ္ဌဉာဏနှင့်နာယက ဆရာတော် ဦးပုညအရှင်သူမြတ်တို့က ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာ လေးပါး တရားများကို ဟောကြား ပြသမည်ဖြစ်သည်။ ယောဂီများသည် ဇန်နဝါရီ၉ ရက် နောက်ဆုံးထား၍ ဖုန်း-၅၅၉၆၀၄သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ငြိမ်းချမ်းသာယာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းကာကွယ်

မောင်ခိုင်း

မြန်မာနိုင်ငံတွင် ရှေးနှစ်ထောင်ပေါင်းများစွာကပင် တည်ရှိသော လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်တို့ဖြင့် ယဉ်ကျေးမှုအစဉ်အလာ ကောင်းများရှိခဲ့ပြီး ဘာသာခလေ့ထုံးတမ်းစဉ်လာ ဆုံးမပဲ့ပြင်ထိန်းကြောင်းမှု၊ လူမျိုးဗီဇ သန္တေစိတ်ဓာတ်တို့ကြောင့်လည်း လောကပါလတရား ထွန်းကားသော ကြောင့် နေချင်စဖွယ်သော ဒေသနိုင်ငံဖြစ်ခဲ့ပါသည်။ နိုင်ငံအတွင်း တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးနွယ်ပေါင်း (၁၀၀)ကျော်တို့သည် ကြီးမားသော သံယောဇဉ် တွယ်တာချစ်ခင်မှုဖြင့် ပျော်ပါးနှစ်ခြိုက်စွာ အတူတကွနေထိုင်လျက်ရှိပြီး အကျင့်သိက္ခာမြင့်မားသည့် လောကအမြင်ရှိကြသဖြင့်လည်း မြန်မာ့လူ့ဘောင် အဖွဲ့အစည်းသည် သာယာစည်ပင်ရှိခဲ့ပါသည်။ ထိုသို့ သာယာ စည်ပင်နေသော လူ့ဘောင်လောကကြီးတွင် အကြီးမားဆုံးသော အန္တရာယ်သည် မူးယစ်ဆေးဝါး ပင်ဖြစ်သည်။ ကမ္ဘာ့လူသားထုကြီးအား ခြိမ်းခြောက်ရန်ပြုနေသည့် အန္တရာယ် တစ်ရပ်ဖြစ်ရာ ကမ္ဘာတစ်ဝန်း လူသားများအားလုံး ဝိုင်းဝန်းဖြေရှင်းတိုက်ဖျက် ရမည်ဖြစ်ပါသည်။ ဤပြဿနာကို ဖြေရှင်းရန်၊ ကာကွယ်တားဆီးတိုက်ဖျက် ရန်မှာ နိုင်ငံတကာ ပြည်သူလူထုနှင့် နိုင်ငံအစိုးရတိုင်း၏ ကြီးမားသော တာဝန်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသည် နယ်ချဲ့ကိုလိုနီများ၏ အစွမ်းထက်သော နယ်ချဲ့ လက်နက်တစ်ခုအဖြစ် ၁၆ ရာစုနှစ်ခန့်ကတည်းက စီးပွားရေးလောဘသမားများ ဒတ်(ချ်)နှင့်ရောမကုန်သည်များသည် အိန္ဒိယနိုင်ငံမှတစ်ဆင့် ဘိန်းကို ဖြန့်ဖြူး ရောင်းချလာခဲ့ပါသည်။ ၁၈၂၄ ခုနှစ်တွင်မြန်မာ -အင်္ဂလိပ် ပထမစစ်ပွဲဖြစ်ပွား ခဲ့ရပြီး ရခိုင်နှင့်တနင်္သာရီဒေသတွင် နယ်ချဲ့အင်္ဂလိပ်တို့က လိုင်စင်ရဘိန်းခန်း များဖွင့်လှစ်စေခဲ့ပြီး မြန်မာတိုင်းရင်းသားများအား ဘိန်းရှူနည်းပညာသင်ပေးခြင်း၊ အခမဲ့ဝေငှခြင်း၊ တရုတ်နှင့်ဘင်္ဂါလီများအား ဘိန်းခန်းလိုင်စင်ထုတ်ပေးခြင်း ပြုခဲ့ကြောင်းတွေ့ရှိရပါသည်။ နယ်ချဲ့အင်္ဂလိပ်တို့အနေဖြင့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်မြင့်မား၍ ယဉ်ကျေးမှုအစဉ်အလာ ကြီးမားသော မြန်မာ တိုင်းရင်းသားတို့၏ စွမ်းရည်အား ရိုက်ချိုးဖျက်ဆီးရန်နှင့်နယ်ချဲ့ကိုလိုနီယန္တရား သက်ဆိုးရှည်စေရန်အတွက် ဘိန်းတည်းဟူသော မူးယစ်ဆေးဝါးအား ကျယ်ပြန့် စွာ စိုက်ပျိုးထုတ် လုပ်သုံးစွဲစေခြင်းဟာ မြန်မာနိုင်ငံအတွင်း နည်းမျိုးစုံသုံးလျက် စီမံခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုခေတ် ထိုအချိန်အခါမှ စတင်၍ မျက်မှောက်ကာလအထိ မြန်မာနိုင်ငံတော် အစိုးရအဆက်ဆက်မှ ပြည်ထောင်စု ဖွား တိုင်းရင်းသားများတို့၏ ဘိန်းနှင့်မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ် တိုက်ဖျက်ရေးအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူကာ ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးထိန်းချုပ်မှုအနေဖြင့် ရှေးမြန်မာမင်းများ လက်ထက်က တည်းကပင် အစဉ်အဆက်ကြိုးပမ်းခဲ့ကြသည်။ မြန်မာဘုရင် ဘိုးတော်ဘုရား ဗဒုံမင်း(၁၇၈၂-၁၈၂၉)သည် မြန်မာနိုင်ငံတွင် ဘိန်း၊ ကင်း၊ ကစော်၊ လော်စာ မှစ၍ ယစ်မျိုးနှင့်စပ်ဆိုင်သမျှ လုံးဝရောင်းဝယ်မှုမပြုရန် ပြင်းပြင်းထန်ထန် တားမြစ်ထားသည့် အမိန့်တော်ကို ထုတ်ပြန်ခဲ့သည်။ ၁၈၅၂ခုနှစ်၊ အင်္ဂလိပ်- မြန်မာ ဒုတိယစစ်ပွဲ၌ ပုဂံမင်းကစစ်သည်တော်များအား ဖဲ၊ ကြွေအန်၊ အရက်၊ ကစော် လော်စာ၊ စိန်ပင်၊ ဘင်း၊ ဘိန်း၊ ယစ်မျိုးတို့ကို မသောက်မစား မကစားရန်နှင့် နှိမ်နင်းရန် တားမြစ်ထားသည်။ သီပေါမင်း (၁၈၇၅-၁၈၈၅) ၏ လက်ထက်တွင် ယစ်မျိုးငါးပါးဥပဒေပြဋ္ဌာန်း၍ မူးယစ်ဆေးဝါးအား သုံးစွဲခြင်းကိုလုံးဝပိတ်ပင်တားမြစ်ခဲ့သည်။ အင်္ဂလိပ်အစိုးရ၏ပယောဂဖြင့် ဘိန်းဆိုင်များပေါ်ပေါက်လာစကတည်းကပင် ဘိန်းအန္တရာယ်ကို ကြိုတင် သိမြင်သော မြန်မာတို့သည် နည်းအမျိုးမျိုးနှင့် ကန့်ကွက်ခဲ့ကြသည်။ အင်္ဂလိပ် လက်အောက်အရင်ကျရောက်၍ အစောဆုံး ဘိန်းမှိုင်းတိုက်ခံရသော ဒေသများရှိ တိုင်းရင်းသားပြည်သူများ၊ ရဟန်း၊ သံဃာများက ဘိန်းဆိုင်ဘိန်းခန်းများ ပိတ်ပေးရန် အင်္ဂလိပ်အစိုးရထံ မေတ္တာရပ်ခံခဲ့သည်။ မြန်မာသတင်းစာများပေါ် ပေါက်လာသည့်အခါ သတင်းစာဆရာများ၊ မြန်မာအမျိုးသား နိုင်ငံရေး သမားများက ဘိန်းကိစ္စနှင့်ပတ်သက်၍ နယ်ချဲ့အစိုးရအား ရပ်တန်းကရပ်ရန် ဝေဖန်တိုက်တွန်းသည့် စာများရေးသားခဲ့ကြသည်။ ၁၈၈၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ ခရစ်ယာန်သာသနာပြုအသင်းက အထက်မြန်မာနိုင်ငံသို့ ဘိန်း တင်သွင်းမှုကို လုံးဝတားမြစ်ပေးပါရန် (သို့မဟုတ်) တင်ပို့မှုကို ကန့်သတ် ပေးပါရန် ဘုရင်ခံအား မေတ္တာရပ်ခံခဲ့သည်။ ၁၈၈၆ခုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ ဘိန်းပိတ်ပင်တားမြစ်ရေးအသင်းကလည်း အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်အား မြန်မာနိုင်ငံတွင် ဘိန်းရောင်းဝယ် စားသုံးခြင်းကို တားမြစ်ပိတ်ပင်ပေးရန် ပန်ကြားခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ၎င်းမေတ္တာရပ်ခံချက်များကို လိုက်လျော သည့်အနေဖြင့် ရန်ကုန်၊ စစ်တွေ၊ မော်လမြိုင်၊ ပုသိမ်၊ မြိတ်မြို့များမှ လွဲ၍ ကျန်မြို့များတွင် ၁၈၈၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဘိန်းခင်းများမဖွင့်ရဟု အမိန့်ထုတ်ပြန်ခဲ့သည်။ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံ၌ ၁၉၀၉ခုနှစ်တွင် ဘိန်းအက်ဥပဒေကိုလည်းကောင်း၊ ၁၉၁၇ ခုနှစ်တွင် ယစ်မျိုးဥပဒေကို လည်းကောင်း၊ ၁၉၃၁ခုနှစ်တွင် ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ ကိုလည်းကောင်းပြဋ္ဌာန်းခဲ့သည်။ ၁၉၂၄ခုနှစ်တွင် ကမ္ဘာ့နိုင်ငံပေါင်းချုပ် အသင်း ကြီး၏ ကြီးကြပ်မှုဖြင့် ဒုတိယအကြိမ် ဘိန်းညီလာခံတစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင်ကျင်းပပြီး ၁၉၂၅ခုနှစ် ဖေဖော်ဝါရီလတွင် ဘေးဖြစ်စေတတ်သော ဆေးဝါးများနှင့် ပတ်သက်သည့် သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုး ခဲ့သည်။ ကျူးလွန်သူတို့အားပြစ်ဒဏ်တိုးပေးရန်၊ ပြစ်ဒဏ်များတညီတညွတ်တည်း ဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအစိုးရက ၁၉၃၁ ခုနှစ် ဖေဖော်ဝါရီလတွင် အက်ဥပဒေတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး(ဝိုင်အမ်ဘီအေ)က ကြီးမှူး၍ ကျောက်ကုန်းမြို့တွင် ဘိန်းဖြတ်ဌာနတစ်ခု ဖွင့်လှစ်ကာ ဘိန်းစွဲသူများအား ကုသပေးခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လူမှုဝန်ထမ်းဝန်ကြီးဌာန၌ ပြုလုပ်သော အစည်းအဝေးက မြန်မာနိုင်ငံတွင် ဘိန်းစားခြင်း၊ ဘိန်းရှူခြင်းများကို ငါးနှစ်အတွင်း အပြီးအပိုင် ရှင်းလင်းရန် ဆုံးဖြတ်ချက်ချ၍ စီစဉ်ဆောင်ရွက်ခဲ့သည်။ မူးယစ်ဆေးစွဲသူများအား ဆေးကုသရန် ရန်ကုန်စိတ်ရောဂါဆေးရုံ၌ ဆေးကုသဆောင်တစ်ခု ဖွင့်လှစ်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် ဘိန်း စုံစမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဘိန်းစားသုံးမှု တိုက်ဖျက်ရေး၊ ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မူးယစ်ဆေးဝါး သုံးစွဲသူများ ပြန်လည်ထူထောင်ရေးနှင့် ရှမ်းပြည်နယ်တွင် မြန်မာနိုင်ငံ ဘိန်းဥပဒေ အကျိုးသက်ရောက်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးကို စွမ်းအားရှိသမျှဆောင်ရွက်ခဲ့ရာ ၁၉၆၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ၌ ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်း သော စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၆၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် တော်လှန်ရေး ကောင်စီသည် ဘိန်းစုံစမ်းရေးကော်မတီကို ဖွဲ့စည်းပြီး မူးယစ်ဆေး စွဲသူများ ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေးနှင့် ခေတ်မမီတော့သည့် ဘိန်းဥပဒေကို ပြင်ဆင်ရေးတို့ကို ဆောင်ရွက်စေခဲ့သည်။ မူးယစ်ဆေးဝါး အန္တရာယ်တိုက်ဖျက်ရန် အတွက် တော်လှန်ရေးကောင်စီသည် "၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ"ကို ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေး၌ တစ်မျိုးသားလုံး လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါး အန္တရာယ်ကို ထိထိရောက်ရောက် ကာကွယ်နိုင်ရန်အတွက် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် တစ်မျိုးသားလုံး ပါဝင်လှုပ်ရှားဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့တွင် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြည်နယ် တိုင်း၊ မြို့နယ်နှင့် ဗဟို လုပ်ငန်းအဖွဲ့ ကိုးဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂစာချုပ်ပါအချက်များနှင့် အညီ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည်။ တစ်ဖက်တွင်လည်း လက်နက်ကိုင်သောင်းကျန်းသူများရှိရာ နယ်စပ်တစ်လျှောက် ဘိန်းစိုက်ပျိုး ထုတ်လုပ်နေမှုအား တပ်မတော်မှ စစ်ဆင်ရေးများဖြင့်ချေမှုန်းခဲ့သည်။ တပ်မတော် သည် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းများအား **မိုးဟိန်း**စစ်ဆင်ရေး အဆင့်(၁)မှ(၁၂)အထိလည်းကောင်း၊ **ငရဲပန်း**စစ်ဆင်ရေး အဆင့်(၁)မှ(၈) အထိလည်းကောင်း၊ **တောင်ရန်ရှင်း**စစ်ဆင်ရေး အဆင့်(၁)မှ(၄)အထိ လည်း ကောင်း၊ **တောင်ထိပ်ပန်း** စစ်ဆင်ရေး အား ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၉၇၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ထိလည်းကောင်း စစ်ဆင်ရေးတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟို အဖွဲ့ကို ဖွဲ့စည်း၍၁၉၉၉-၂၀၀၀ ပြည့်နှစ် မှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးများ လုံးဝ ချုပ်ငြိမ်းပပျောက်သွားစေရေးအတွက် ၁၅ နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက် ရှိသည်။ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် တိုင်းရင်းသား လက်နက်ကိုင် ၁၇ ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ၎င်းတို့၏ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်း ပေးနိုင်ခဲ့သည်။ နိုင်ငံတော်၏ စစ်မှန်သည့်စေတနာနှင့် မှန်ကန်သော လက်တွေ့ လုပ်ရပ်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ခဲ့ခြင်းသည် မြန်မာတစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသ ပြည်သူများ၏ အခြေခံလိုအပ်ချက်များ မြှင့်တင်ဖြည့်ဆည်း ပေးရေးအတွက် အခွင့်အလမ်းများ ရရှိဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် နိုင်ငံတော် အတွင်း အေးချမ်းတည်ငြိမ်မှုများ ရှိလာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးထုတ်လုပ် သော နယ်စွန်နယ်ဖျား ဝေးလံခေါင်းပါးဒေသများတွင် တရားဥပဒေ စိုးမိုးမှုနှင့် အုပ်ချုပ်မှု လက်လှမ်းမီလာသည့် အခြေအနေများ ပြောင်းလဲဖြစ်ပေါ်လျက်ရှိနေ ပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို ယခင်က တားဆီးနှိမ်နင်းရေး လုပ်ငန်းတစ်မျိုး တည်းဖြင့် ကြိုးပမ်းဆောင်ရွက်နေရာမှ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး တဖြည်းဖြည်း လျော့နည်းပပျောက်သွားမည် ဖြစ်သည်ကိုလည်း သုံးသပ်ရရှိ ခဲ့သည်။ ထိုသို့သုံးသပ် ရရှိသည်နှင့်အညီ နိုင်ငံတော်အကြီးအကဲက မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ မဟာဗျူဟာနှစ်ရပ်ဖြစ်သော မူးယစ် ဆေးဝါးပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်း ပပျောက်ရေးတို့ကို လမ်းညွှန်ပြဋ္ဌာန်းပေးခဲ့သည်။ မဟာဗျူဟာနှစ်ရပ်ကို အကောင် အထည်ဖော်ရန်အတွက် နည်းဗျူဟာသုံးရပ် ဖြစ်သော ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးတို့ကိုလည်း ချမှတ်ပေးခဲ့သည်။ အဆိုပါ မဟာဗျူဟာနှင့် နည်းဗျူဟာများကို အကောင်အထည်ဖော်ရာတွင် လက်တွေ့ကျင့်သုံးရမည့် နည်းနာနိဿယ သုံးရပ်ဖြစ်သော မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ် သုံးစွဲသူများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မား တိုးတက်ပြောင်းလဲရေး တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားရေးတို့ကိုလည်း ပြဋ္ဌာန်းလမ်းညွှန်ပေးခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်။)

ရှင်သာမဏေ ဓမ္မဗိမာန်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၆

(၁၆)ကြိမ်မြောက် မင်္ဂလာဗျူ သာမဏေကျော် စာအောင်ဆုနှင်း သဘင် အကြိုတရားပွဲများကို ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်၌ ဇန်နဝါရီ ၁၀ ရက်တွင် ဗဟန်းမဟာဝိသုဒ္ဓါရုံ တိပိဋကယောဆရာတော်၊ ဇန်နဝါရီ ၁၁ ရက်တွင် ဟံသာဝတီကမ္မဋ္ဌာန်းတိုက် ဆရာတော်အရှင်ဇဝန၊ ဇန်နဝါရီ ၁၇ ရက်တွင် ရွှာမပရိယတ္တိဆရာတော် တိလောကာဘိဝံသ၊ ဇန်နဝါရီ၁၈ ရက်တွင် ဆရာဦးလှသိန်းထွဋ်၊ ဇန်နဝါရီ ၂၄ ရက်တွင် ဒေါက်တာမင်းတင်မွန်နှင့် ဇန်နဝါရီ၂၅ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒတို့က မွန်းလွဲ ၁ နာရီမှစ၍ ဟောကြားကြမည်ဖြစ်ရာ မည်သူမဆို ကြွရောက်နာယူနိုင်ကြသည်။ (က-ပ)

ရေးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ရေးမြို့နယ်အသင်း (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် (၃)လမ်း၊ ခေမာရာမသီလရှင် စာသင်တိုက်တွင်ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်အထက် အသင်းဝင်များ၊ အသင်းဝင် မိဘများနှင့် ၂၀၀၂-၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ကြသော အသင်းဝင်သားသမီးများ အမှတ်စာရင်းအပြည့်အစုံဖြင့် နီးစပ်ရာအမှုဆောင် များနှင့် ဥက္ကဋ္ဌ ဦးဝါရိန် ဖုန်း-၂၅၀၃၃၂သို့ ဇန်နဝါရီ၁၅ ရက် နောက်ဆုံး ထား၍ ပေးပို့ကြရန်နှင့် အသင်းဝင်များနှင့်မဝင်ရသေးသူများ၊ ရန်ကုန်ရောက် ရေးမြို့နယ်သားများအားလုံး တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ဒုတိယနှစ် (မြန်မာစာ)
  - (ခ) တတိယနှစ် (စိတ်ပညာ)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း-၃)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် (အပိုင်း-၃၉)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

ဓမ္မဒူတ အရှင်ပညိဿရ တရားပွဲ

ရန်ကုန်   ဇန်နဝါရီ   ၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်း ဓမ္မဒူတတောရ ကျောင်းတိုက် နာယကဆရာတော် ဓမ္မဒူတ အရှင်ပညိဿရ (ဓမ္မာစရိယ B.A,M.A)သည် ဇန်နဝါရီ ၁၀ ရက်ညတွင် မြောက်ဥက္ကလာပမြို့နယ် နွယ်နီရပ်ကွက် ဓမ္မသဘင်၊ ဇန်နဝါရီ ၁၃ ရက် ညတွင် ရှစ်မိုင် ပေါက်စေတီကျောင်းတိုက် ဓမ္မသဘင်၊ ဇန်နဝါရီ ၁၆ ရက် ညတွင် အင်းစိန်ဗြူးကုန်းစာသင်တိုက် စာပြန်ပွဲနှင့် ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ဟင်္သာတမြို့နယ် ဓမ္မီအောင်ချမ်းသာ တရားစခန်း၌ တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ (က-ပ)

စက်မှုစွမ်းအား ၂၀ ခေတ်ကျော်လွှား

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၀၄)ထုတ်ပြန်

(ယမန်နေ့မှအဆက်)

စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)

၂၅။ ဦးညီညီ၊ ညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန။

၂၆။ ဦးစောထွေးရွှေ၊ ဒုတိယညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၂၇။ ဦးမြင့်ဦး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး၊ မန္တလေးတိုင်း စည်ပင်သာယာရေး အဖွဲ့၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၂၈။ ဦးဖုန်းမောင်၊ အထွေထွေမန်နေဂျာ၊ မြန်မာ့လေကြောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန။

၂၉။ ဦးငွေထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန။

၃၀။ ဦးစန်းဝင်း၊ ပါမောက္ခချုပ်၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)၊ ယဉ်ကျေးမှု ဝန်ကြီးဌာန။

၃၁။ ဦးသာဦး၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။

၃၂။ ဒေါက်တာမြမြဦး၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူး(ဓာတုအင်ဂျင်နီယာဌာန နှင့် ဇီဝနည်းပညာ မဟာဌာန)၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန။

၃၃။ ဦးထွန်းအောင်ကြည်၊ ညွှန်ကြားရေးမှူး၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၃၄။ ဒေါက်တာကိုကိုဦး၊ ညွှန်ကြားရေးမှူး၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန။

၃၅။ ဦးအောင်ကိုးရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၃၆။ ဦးစန်းတင့်၊ ပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၃၇။ ဒေါက်တာမြဦး၊ ပါမောက္ခချုပ်၊ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၃၈။ ဒေါက်တာမောင်သင်း၊ ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ်၊ပညာရေးဝန်ကြီးဌာန။

၃၉။ ဦးချို၊ ပါမောက္ခချုပ်၊ ပုသိမ်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၀။ ဦးမြဝင်း၊ ပါမောက္ခချုပ်၊ ပြည်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၁။ ဦးကြည်ဝင်း၊ ပါမောက္ခချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၄၂။ ဦးစောကျော်မင်း၊ ပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၃။ ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်၊ တောင်ကြီးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၄။ ဒေါက်တာမောင်ထူး၊ ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ်၊ပညာရေးဝန်ကြီးဌာန။

၄၅။ ဦးပိုမြင့်၊ ပါမောက္ခချုပ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၄၆။ ဦးမောင်မောင်ခင်၊ ပါမောက္ခချုပ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၄၇။ ဦးဝင်းမောင်၊ ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန

၄၈။ ဒေါက်တာဖေမောင်သန်း၊ ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၉။ ဦးဝမ်းတင်၊ ဒုတိယပါမောက္ခချုပ်၊ စစ်တွေတက္ကသိုလ်၊ ပညာရေးဝန်ကြီး ဌာန။

၅၀။ ဦးသင်းလှိုင်၊ ဒုတိယပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ်၊ ပညာရေး ဝန်ကြီးဌာန။

၅၁။ ဦးမြင့်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၁)အခြေခံပညာ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၅၂။ ဦးအေးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၅၃။ ကြည်း ၁၀၆၂၃၊ ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း၊ အတွင်းရေးမှူး၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကယားပြည်နယ်။

၅၄။ ကြည်း ၁၂၂၇၅၊ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း၊ ဥက္ကဋ္ဌ၊ လွိုင်ကော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကယားပြည်နယ်။

၅၅။ ကြည်း ၁၂၂၀၂၊ ဒုတိယဗိုလ်မှူးကြီးတင်အုန်း၊ အတွင်းရေးမှူး၊ တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မန္တလေး။

၅၆။ ကြည်း ၁၄၄၉၅၊ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ရန်ကုန်အရှေ့ပိုင်းခရိုင်)။

၅၇။ ကြည်း ၁၃၇၀၂၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်၊ ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရန်ကုန်အနောက်ပိုင်းခရိုင်)။

၅၈။ ကြည်း ၁၂၂၅၆၊ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်၊ အတွင်းရေးမှူး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တောင်ကြီးမြို့။

၅၉။ ကြည်း ၁၁၆၈၉၊ ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်၊ ဥက္ကဋ္ဌ၊ တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

၆၀။ ကြည်း ၁၃၆၆၄၊ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ ဥက္ကဋ္ဌ၊ လွိုင်လင်ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

၆၁။ ကြည်း ၁၅၄၉၁၊ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ ဥက္ကဋ္ဌ၊ မူဆယ်ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

စီမံထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးမြင့်အောင်၊ ပြည်နယ်စာရင်းစစ်အရာရှိ၊ ကချင်ပြည်နယ် စာရင်းရုံး၊ စာရင်းစစ်ချုပ်ရုံး။

၂။ ဦးလှသန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး။

၃။ ဦးလွင်ကြည်၊ ဒုတိယညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး။

၄။ ဒေါ်ခင်ဝင်းရီ၊ မြို့နယ်စာရင်းစစ်အရာရှိ၊ ဟိုပုံးမြို့နယ် စာရင်းရုံး၊ စာရင်းစစ်ချုပ်ရုံး။

၅။ ဒေါ်သိန်းညွန့်၊ ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၆။ ဦးချစ်ဆွေ၊ ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့။

၇။ ဦးသောင်းရွှေ၊ ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရေးရာ ဦးစီးဌာန၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၈။ ဦးစိုးမြင့်သိန်း၊ ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး ဦးစီး ဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၉။ ဦးစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ထမ်းရေးရာ ဦးစီးဌာန၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၀။ ဒေါ်တင်တင်ငွေ၊ ဌာနမှူး(စီမံခန့်ခွဲမှုပညာဌာန) ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး)၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၁။ ဒေါ်မြင့်မြင့်စန်း၊ ဌာနမှူး၊ (စီးပွားရေးပညာဌာန) ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၂။ ဦးရဲနိုင်၊ ဌာနမှူး(လေ့ကျင့်သင်ကြားရေး) ဗဟိုဝန်ထမ်းတက္ကသိုလ်၊ (အထက် မြန်မာပြည်)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၃။ ဦးမောင်ကြည်၊ ဌာနမှူး(စီမံခန့်ခွဲရေး) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၄။ ဒေါ်ဝင်းဝင်းသန်း၊ ဌာနမှူး (စီမံခန့်ခွဲမှုပညာဌာန)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ (အထက်မြန်မာပြည်) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၅။ ဦးတင်ရွှေ၊ ဌာနမှူး (စီးပွားရေးပညာဌာန)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၁၆။ ကြည်း ၁၁၄၅၃ ဗိုလ်မှူးမြင့်အောင်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၇။ ကြည်း ၁၆၈၇၃ ဗိုလ်မှူးခင်မောင်စန်း၊ အမှတ်(၈)တိုက်ပွဲဝင် စည်းရုံးရေး သင်တန်းကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၈။ ကြည်း ၂၀၅၇၄ဗိုလ်မှူးရဲနိုင်စိုး၊ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၉။ ကြည်း ၂၈၁၉၇ ဗိုလ်ကြီးစိုးဝင်းကျော်၊ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့် ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၀။ အမှတ်၊ ၇၃၃၈၁၄ ဒုတိယအရာခံဗိုလ်မြင့်နိုင်၊ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၁။ အမှတ်၊ အ/၇၇၆၁၄အရာခံဗိုလ်(အစားခန့်) မြင့်မြင့်ကြည်၊ တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၂။ အမှတ်၊ အ/၇၇၇၆၀အရာခံဗိုလ်(အစားခန့်)အေးအေးဟာန်၊ တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၃။ ကြည်း ၂၂၄၀၆ ဗိုလ်မှူးကျော်သူရ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၄။ ကြည်း ၂၂၄၁၅ ဗိုလ်မှူးလေးနိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၅။ ကြည်း ၂၀၇၀၄ ဗိုလ်မှူးကြည်လွင်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၆။ ကြည်း ၂၂၅၆၇ ဗိုလ်မှူးမြတ်လွင်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၇။ ကြည်း ၂၁၀၉၀ ဗိုလ်မှူးကျော်နိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၈။ ကြည်း ၂၂၃၂၆ ဗိုလ်ကြီးကြည်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၉။ ကြည်း ၂၃၂၅၆ ဗိုလ်ကြီးဝင်းနိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃၀။ ကြည်း ၂၈၁၂၂ ဗိုလ်ကြီးမြတ်သူရိန်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃၁။ ဦးသိန်းဆွေ၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၊လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၂။ ဦးတင်ထွန်း၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၃။ ဦးပုလဲမောင်၊ ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၄။ ဦးထွန်းတင်(၁)၊ ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၅။ ဦးကျော်ဇံ၊ ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၆။ ဦးထွန်းတင်(၂) ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၇။ ဦးဟုတ်ကြည်၊ ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၈။ ဦးထွန်းအောင်လွင်၊ ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၃၉။ ဦးတင်မောင်အုန်း၊ ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၄၀။ ဦးရွှေသိန်း၊ ညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၄၁။ ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ကြီး၊ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၄၂။ ဦးအယ်လ်ဇော်ရှန်း၊ ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၃။ ဦးတင်လှိုင်၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၄။ ဒေါ်ဆွေဆွေသန်း၊ အထွေထွေမန်နေဂျာ (ငွေစာရင်း) မြန်မာ့အထည် အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၅။ ဦးစိန်မြ၊ စက်ရုံမှူး၊ အထည်ချုပ်စက်ရုံအမှတ်(၁၇) မြန်မာ့အထည်အလိပ် လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၆။ ဦးကျော်စိုး၊ စက်ရုံမှူး၊ စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊ မြန်မာ့အထည် အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၇။ ဒေါ်ငွေငွေဦး၊ အထွေထွေမန်နေဂျာ(ငွေစာရင်း)ရုံးချုပ် မြန်မာ့စားသောက် ကုန်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၈။ ဦးကျော်ဝင်း၊ အထွေထွေမန်နေဂျာ၊ ရောင်းဝယ်ရေး၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၄၉။ ဦးစိန်ဝင်း၊ စက်ရုံမှူး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၅၀။ ဦးခင်မောင်အေး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုညွှန်ကြားရေးဦးစီး ဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၅၁။ ဒေါ်အေးကြည်၊ လက်ထောက်စက်ရုံမှူး(ကုန်ထုတ်)၊ စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီး ဌာန။

၅၂။ ဒေါ်စပယ်၊ လက်ထောက်မန်နေဂျာ(ကုန်ထုတ်)ရုံးချုပ်၊ မြန်မာ့စားသောက် ကုန်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၅၃။ ဦးလှမျိုးမောင်၊ ဒုတိယစက်ရုံမှူး၊ ဆပ်ပြာစက်ရုံ(မန္တလေး)၊ မြန်မာ့ဆေးဝါး နှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၅၄။ ဦးဇော်ဝေ၊ ဒုတိယအထွေထွေမန်နေဂျာ (ကုန်ထုတ်)(လုပ်ငန်းရုံးချုပ်) စက်ရုံမှူးတာဝန်၊ စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ၊ မြန်မာ့အထွေထွေနှင့် ပြုပြင် ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၅၅။ ဦးသန်းထွန်း၊ စက်ရုံမှူး၊ ဖိနပ်စက်ရုံအမှတ်(၁)၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၅၆။ ဦးမောင်မောင်တိုး၊ ဒုတိယစက်ရုံမှူး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း (မန္တလေး ရုံးခွဲ)၊ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန။

၅၇။ ဒေါ်ခင်ဝင်းကြည်၊ ညွှန်ကြားရေးမှူး၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၅၈။ ဒေါ်စန္ဒီမြင့်၊ ညွှန်ကြားရေးမှူး၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ် ရေးလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန။

၅၉။ ဦးသန်းထွန်းအောင်၊ အထွေထွေမန်နေဂျာ၊ ကြိတ်ခွဲထုတ်လုပ်မှုဌာန၊ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၀။ ဦးလှမော်ဦး၊ အထွေထွေမန်နေဂျာ၊ စီမံရေးရာဌာန၊ မြန်မာ့လယ်ယာထွက် ကုန်ပစ္စည်းရောင်းဝယ်ရေး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၁။ ဦးမောင်မောင်တင့်၊ တိုင်းမန်နေဂျာ၊ ရန်ကုန်တိုင်း၊ မြန်မာ့လယ်ယာထွက် ကုန် ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန။

၆၂။ ဦးမင်းမင်းဦး၊ တိုင်းမန်နေဂျာ၊ ပဲခူး(အရှေ့)တိုင်း မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၃။ ဦးဆန်းနွယ်ဝင်း၊ ပြည်နယ်မန်နေဂျာ၊ မွန်ပြည်နယ်၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၆၄။ ဦးအောင်ကျော်မိုး၊ ဒုတိယအထွေထွေမန်နေဂျာ၊ သယ်ယူပို့ဆောင်ရေးဌာန၊ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန။

၆၅။ ဦးဝင်းမြင့်၊ တိုင်းမန်နေဂျာ၊ ပဲခူး(အနောက်)တိုင်းမြန်မာ့လယ်ယာထွက်ကုန် ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်။)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

▲ **ရှေ့ဖုံးမှ**

သင်တန်းဖွင့် အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အနာဂတ်တည်တံ့ခိုင်ခံ့စေရေးနှင့် နိုင်ငံတကာ့အလယ်တွင် ဝင့်ဝင့်ကြွားကြွား ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြရမည့် မျိုးဆက်သစ် ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များကို နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်စေမည့် ပညာရပ်ဆိုင်ရာစွမ်းအား၊ စိတ်ဓာတ်ရေးရာစွမ်းအား၊ လူမှုရေးဆိုင်ရာစွမ်းအားတို့ ပြည့်ဖြိုးခိုင်မာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးထားနိုင်ဖို့သည် နိုင်ငံတော်အတွက် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်ပင် ဖြစ်ကြောင်း။

အမျိုးသားရေးလိုအပ်ချက် ပီပြင်ပြည့်ဝစွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးမှာလည်း မျိုးဆက်သစ်လူငယ်များကို မူလတန်းအရွယ် ကျောင်းသူ၊ ကျောင်းသားဘဝက စတင်ပြီး တက္ကသိုလ်၊ ကောလိပ်များကနေ ဘွဲ့ဒီဂရီရရှိသည်အထိ လေ့ကျင့်ပျိုးထောင်ပေးနေကြသည့် အခြေခံပညာဆရာ၊ ဆရာမများ၊ တက္ကသိုလ်နှင့် ကောလိပ် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးကြောင်း။

မွမ်းမံသင်တန်းများ

ယခုလို မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်၏ လိုလားချက်နှင့်အညီ ပြုစုပျိုးထောင်ပေးနေသည့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတကာ အခြေအနေများနှင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ ရှေ့အနာဂတ် အလားအလာများ၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များကို နားလည်သဘောပေါက်စေခြင်းအားဖြင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ပိုမိုပြီးပီပြင်စွာ ထမ်းဆောင်နိုင်ကြမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းများကို နိုင်ငံတော်အစိုးရက အလေးထားဖွင့်လှစ်ပေးခဲ့ရာတွင် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအတွက် သင်တန်းသုံးကြိမ်နှင့် အခြေခံပညာ ဆရာ၊ ဆရာမများအတွက် သင်တန်း ၅၄ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ အချိန်အခါတွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးမှာ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရမည်ဆိုသည့် သဘောထားခံယူချက်နှင့်အညီ တက္ကသိုလ်၊ ကောလိပ် ၁၅၄ ခုကို တစ်နိုင်ငံလုံး ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်သည့်အတွက် အသစ်တိုးပွားလာသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ၊ အဆင့်ဆင့် ရာထူးတိုးမြင့်လာကြသည့် တက္ကသိုလ်၊ ကောလိပ် ဆရာမများ တိုးတက်များပြားလာသည့်အလျောက် တက္ကသိုလ်၊ကောလိပ် ဆရာ၊ ဆရာမများ၏ အထူးမွမ်းမံသင်တန်းများကို ပြန်လည်ဖွင့်လှစ်ရခြင်းပင်ဖြစ်ကြောင်း။

စီမံကိန်းအဆင့်ဆင့်

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏ အနာဂတ်အလားအလာ၊ အမျိုးသားရေးမျှော်မှန်းချက်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးစသည့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအသီးသီးတွင် ဆိုင်ရာဆိုင်ရာ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းနေစေရန် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍစုံတွင် ကြီးမားကျယ်ပြန့်သည့် လူ့စွမ်းအား အရင်းအမြစ်များ တည်ဆောက်ထားနိုင်စေရန်၊ တစ်ချိန်တည်းမှာပင် တစ်မျိုးသားလုံး ပညာရည်မြင့်မားပြီး အစဉ်လေ့လာသင်ယူနေသည့် ပညာရေးအခြေခံကောင်းများ ဖြစ်ထွန်းနေစေရန်ဆိုသည့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို စနစ်တကျချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမတို့နှင့်သက်ဆိုင်သော အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားစီမံကိန်းများနှင့် ပတ်သက်ပြီး ပြောရမည်ဆိုလျှင် အခြေခံပညာကဏ္ဍက တစ်နှစ်ချင်း အဆင့်မြင့်တင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေးမြှင့်တင်မှုအစီအစဉ် (တတိယ)အဆင့် ရောက်ရှိသည့်အချိန်တွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ စနစ်တကျချိတ်ဆက်ပြီး အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ် စီမံကိန်း(၂၀၀၀-၂၀၀၁ခုနှစ်မှ ၂၀၀၃-၂၀၀၄ခုနှစ်)ကို အဆင့်မြင့်ပညာကဏ္ဍတွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း။

ဤအမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်းတွင် တက္ကသိုလ်နှင့် ကောလိပ်များ၌ ကွန်ပျူတာနှင့် အီလက်ထရွန်းနစ် နည်းပညာအခြေပြုသည့် ခေတ်မီသင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်ဓာတ်ခွဲခန်းများ၊ သုတေသနဌာနများ၊ နိုင်ငံတကာအဆင့်မီ အီလက်ထရွန်းနစ် နည်းပညာအခြေပြုစာကြည့်တိုက်များကို ထူထောင်ပြီး မျိုးဆက်သစ် တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ၊ ကျောင်းသားများကို နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားစေရအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် အထူးအလေးထား စီမံဆောင်ရွက်ခဲ့ကြောင်း။

အထူးသဖြင့် ခေတ်မီ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို အခြေခံပြီး ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြုသည့် e-Learning Centre များ၊ Resource Centre များ ထူထောင်မှုကို စနစ်တကျစတင်ခဲ့သည့်အတွက် ၂၀၀၁ခုနှစ်၏ နှစ်ဆန်းတစ်ရက်နေ့တွင် e-Education System ကို မြန်မာနိုင်ငံမှာ ပထမဆုံးစတင်ဖွင့်လှစ်ပေးနိုင်ခဲ့သည်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့တာတွေ့နိုင်ကြောင်း။

နှစ်ရှည်စီမံကိန်း

၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှာတော့ နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်၏ စိုက်ပျိုးရေး၊ စက်မှု၊ သတ္တု၊ စွမ်းအင်၊ လျှပ်စစ်စွမ်းအားစသည့် စီးပွားရေးစီမံကိန်းများနှင့် လိုက်လျောညီထွေစွာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများမှာပါ အနာဂတ်အမျိုးသားရေးအကျိုးစီးပွားကို မျှော်မှန်းသည့် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းများရေးဆွဲ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့သည့်အတွက် အဆင့်မြင့်ပညာကဏ္ဍမှာ အကောင်အထည်ဖော် ဆောင်ရွက်ဆဲဖြစ်သည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်လုပ်ငန်းများနှင့် ချိတ်ဆက်ပြီး အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်ပညာရေး စီမံကိန်းကို စတင်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါတွင် **မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့ကျင့်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်** ဆိုသည့် မြန်မာ့ပညာရေးမျှော်မှန်းချက်အောင်မြင် အကောင်အထည်ပေါ်ထွန်းဖြစ်ထွန်းလာစေမည့် ပညာရေးဆိုင်ရာအခြေခံကောင်းတွေ ပညာရေးကဏ္ဍတစ်ခုလုံးမှာ စနစ်တကျဖြန့်ကြက်ဖြစ်ထွန်းနေပြီလည်းဖြစ်ကြောင်း။

အခြေခံကောင်း

အထူးသဖြင့် နိုင်ငံတကာမှာ တွင်ကျယ်ခေတ်စားနေသည့် Information and Communication Technology ခေါ်သည့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် Myanmar ICT Park နှင့် Mandalay ICT Park တို့ကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်အတွက် ထူထောင်ထားရှိနိုင်ပြီဖြစ်သည့်အပြင် ICT Park များတွင် ICT နည်းပညာရပ်အမျိုးမျိုးကို တိုးမြင့်အသုံးပြုနိုင်နေပြီးဖြစ်သည့်အတွက် အဆင့်မြင့်ပညာ လေ့လာသင်ယူရေးမှာရော၊ ပညာရေးစီမံခန့်ခွဲမှုစနစ်မှာပါ ICT နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်နေပြီဖြစ်ကြောင်း၊ ၎င်းမှာ မြန်မာ့ပညာရေးမျှော်မှန်းချက်အောင်မြင်အကောင်အထည်ပေါ်ဖြစ်ထွန်းရေးအတွက် ထုထည်ပမာဏကြီးမားသည့် အခြေခံကောင်းတစ်ရပ် ဖြစ်ထွန်းနေခြင်းပင်ဖြစ်ကြောင်း။

ယနေ့အချိန်ကာလတွင် Electronic Data Broadcasting System အသုံးပြုသည့် e-LearningCentre ၄၅၅ခု၊ V-SATSystem အသုံးပြုသည့်ဌာန ၄၄ခု၊ Fibre Optic Network ကွန်ရက်စနစ်အသုံးပြုသည့်ဌာန ၁၁ခု၊ iPSTAR Broadband System အသုံးပြုသည့်ဌာန ၂၀၊ Internet ဆက်သွယ်ထားသည့် အခြေခံကျောင်းပေါင်း ၁၀၀ ပါဝင်သည့် ပညာရေးကဏ္ဍက ဌာနပေါင်း ၆၃၀ကို ချိတ်ဆက်ပေးသည့် ကွန်ရက်စနစ်တစ်ရပ်နှင့် ကြိုးမဲ့ဆက်သွယ်ရေး စနစ်အသုံးပြုပြီး Video Conferencing ပြုလုပ်နိုင်သည့် ဌာနပေါင်းခုနစ်ခုတို့ကို မြန်မာနိုင်ငံတစ်လွှားမှာ ဖြန့်ကြက် ထူထောင်ထားနိုင်ပြီး ဖြစ်ကြောင်း၊ Video Conferencing ပြုလုပ်နိုင်သည့်ဌာနများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်သွားရန် ပြင်ဆင်ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ယခုအဆင့်မြင့်ပညာကဏ္ဍမှာ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာရေးတို့အတွက် ရေခံမြေခံကောင်း၊အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေအချိန်အခါတွင် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ဆရာမများအနေဖြင့် မိမိတို့တပည့် ကျောင်းသူ၊ ကျောင်းသားလူငယ်လူရွယ်များကို နိုင်ငံတော်၏ပညာရေးဆိုင်ရာ မျှော်မှန်းချက်နှင့်အညီ ပညာရပ် ဆိုင်ရာမှာသာမက စိတ်ဓာတ်ရေးရာပိုင်းအပြင် စာရိတ္တနှင့် လူမှုကျင့်ဝတ် လူမှုတာဝန်ဝတ္တရားများအပိုင်းမှာပါ ဟန်ချက်ညီညီတိုးတက်ဖြစ်ထွန်းလာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာတိုးတက်မြင့်မားအောင်ဖော်ဆောင်ရေးတွင် ယနေ့ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များကို ခေတ်မီအသိပညာအတတ်ပညာများတတ်ကျွမ်းရုံမျှမက မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် မိမိတတ်ကျွမ်းသည့် အသိပညာအတတ်ပညာ စွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်လိုစိတ်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာ ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ အနာဂတ် အရှည်တည်တံ့ခိုင်ခံ့ရေး၊ သမိုင်းအစဉ်အဆက်က ဖြစ်ထွန်းခိုင်မာလာခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုတိုးပွားခိုင်မာရေး၊ ဘိုးဘွားအမွေအနှစ်ဖြစ်သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကမ္ဘာတည်သရွေ့ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ရေးတို့အတွက် တည်ငြိမ်ခိုင်မာသော အခြေခံကောင်းများ တည်ဆောက်ထားနိုင်စေရန်ကို တစ်မျိုးသားလုံး စိတ်တူကိုယ်တူ ချီတက်လျှောက်လှမ်းကြရမည့်နိုင်ငံတော်၏ မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ထောက်ကူမှုလို

တစ်မျိုးသားလုံးအတွက် ရေရှည်တည်တံ့ခိုင်ခံ့သော အနာဂတ်ကို ဖော်ဆောင်တည်ဆောက်ပေးမည့် ဤမူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေးမှာ တိုင်းရင်းသားပြည်သူများအားလုံး၏ ညီညာတက်ကြွသော ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှု၊ အမျိုးသားရေးအသိစိတ်ဓာတ် အပြည့်အဝဖြင့် ပံ့ပိုးထောက်ကူမှုများ များစွာလိုအပ်လျက်ရှိကြောင်း။

ဆရာ၊ဆရာမတို့ကဲ့သို့ ပညာရှင်အပိုင်းကလည်း ကျောင်းသား၊ကျောင်းသူ လူငယ်များနှင့် တကွ ပြည်သူအများက နိုင်ငံတကာအခြေအနေ၊ မိမိနိုင်ငံ၏ ပကတိအခြေအနေ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအခြေခံများ၊ ရှေ့အနာဂတ် အလားအလာတွေအရ နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းမည့် လုပ်ငန်းစဉ်ကြီး ခုနစ်ရပ်သည်သာ တည့်မတ်ခိုင်မာသော အမျိုးသားရေးလမ်းကြောင်းမှန်ပင် ဖြစ်သည်ကို ပီပြင်ရှင်းလင်းစွာသိမြင်ပြီး တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် အတွက် စည်းရုံးဦးဆောင်ကြဖို့ လိုအပ်လျက်ရှိကြောင်း။

စည်းရုံးဦးဆောင်

အထူးသဖြင့် နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မပြတ်သည့် အမျိုးသားရေး သတိဖြင့် ရှုမြင်ပြီး မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ရေရှည်အကျိုးစီးပွား မထိခိုက်မနစ်နာစေရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်၊ ဘေးပယောဂသွေးထိုးသပ်လျှိုမှုများ၏ ဆိုးညစ်သော အရင်းအမြစ်ကို ပညာသတိဖြင့် ရှုမြင်ရှောင်ရှားနိုင်စေရန် အတွက် ကျောင်းသား၊ ကျောင်းသူများနှင့်တကွ ပြည်သူများ အသိအမြင်ဗဟုသုတ ကြွယ်လာအောင်၊ အမျိုးသားရေးစိတ်ဓာတ် တက်ကြွမြင့်မားလာစေရအောင် ဆရာ၊ ဆရာမများအားလုံးက စည်းရုံးဦးဆောင်ပေးကြဖို့ မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ။**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် မျိုးချစ် စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော အသိပညာရှင်၊ အတတ်**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဝမ်းမြောက်သဝဏ်လွှာများ အသီးသီး ပေးပို့လျက်ရှိကြသည်။

ပါကစ္စတန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပါကစ္စတန်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် ရင်းနှီးချစ်ကြည်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေး တည်ဆောက်ထားပြီးဖြစ်ကြောင်း။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူလူထု တိုးတက်အောင်မြင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ကမ္ဘောဒီးယား

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကမ္ဘောဒီးယားဘုရင် ပရယ်ဘတ်ဆမ် ဒက်ပရယ်နိုရိုဒွန် သီဟာနုထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုတောင်းအပ်ပါကြောင်း၊ မြန်မာပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းသာယာပျော်ရွှင်မှု ရရှိပါစေရန် မိမိဆန္ဒပြုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အစဉ်အလာအရပင် လျှင် တည်ရှိခဲ့သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြင့်မားတိုးတက်ရမည်ဟု မိမိမျှော်လင့်ကြောင်း ဖော်ပြထားသည်။

လာအို

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုသမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ လာအိုအစိုးရနှင့် ပြည်သူလူထု ကိုယ်စားလည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်နေပြီး ပူးပေါင်းဆောင်ရွက်မှု မြင့်မားတိုးတက်နေခြင်းအတွက် မိမိကျေနပ်ဝမ်းမြောက်မိကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပြည်သူလူထု၏ အကျိုးစီးပွားများအတွက်သာမက ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေးအတွက် ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြင့်တင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံသို့ လာအိုဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဘိုရာချစ်ထံမှ အလားတူ သဝဏ်လွှာတစ်စောင်ကို ပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်။) (ကြေးမုံ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံ(မန္တလေး)မွမ်းမံပြင်ဆင် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

➪ ရန်ကုန်နှင့်မန္တလေးမှ

အုပ်ချုပ်မှုဆောင်နှင့် ဆရာဝန်ဆောင်များ အဆင့်မြှင့်မွမ်းမံပြီးစီးမှု၊ မွေးခန်းနှင့် ခွဲစိတ်ဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ မွေးကင်းစ ကလေးများဆောင် တည်ဆောက်မည့်အစီအစဉ်တို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူနာများ စိတ်အေးချမ်းသာဖြစ်ရေးအတွက် ဆေးရုံပရဝဏ် စိမ်းလန်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီး ဆေးရုံကြီး(မန္တလေး)၌ အဆင့်မြှင့် မွမ်းမံတည်ဆောက်ပြီးဖြစ်သည့် ကိုယ်ဝန်သည် လူနာဆောင်၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွေးလှူဘဏ်၊ ခါတ်ခွဲစမ်းသပ်ဆောင်၊ ဓာတ်မှန်ဆောင်၊မီးယပ်လူနာဆောင်၊မွေးဖွားပြီးလူနာဆောင်နှင့် မွေးခန်းနှင့် ခွဲစိတ်ဆောင် တည်ဆောက်မှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်မြှင့်မြို့တော်ဆေးရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံပြသရှင်းလင်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။ ထိုမှတစ်ဆင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများအား တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းပုံနှင့် ခန့်ထားပြီးဝန်ထမ်းအင်အား၊ ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေ၊ အဆင့်မြှင့်မြို့တော်ဆေးရုံပြုပြင်မွမ်းမံမှုနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လမ်းညွှန်မှာကြားချက်များနှင့် ၂၀၀၃ ခုနှစ် ဇူလိုင် ၇ရက် မန္တလေးခရီးစဉ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသို့ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ရွှေတချောင်းနှင့် သင်္ဂဇာချောင်း သန့်ရှင်းမှုရှိစေရန် ဆောင်ရွက်မှု၊ စက်မှုဇုန်မှထွက်ရှိသော ရေဆိုးများကို Waste Stabilization Pond ခြောက်ခုအတွင်း စွန့်ပစ်စေ၍ ရေဆိုးညစ်ညမ်းမှုပမာဏ လျော့ကျအောင် ဆောင်ရွက်ပြီး စွန့်ပစ်မှု၊ မိလ္လာသန့်စင်မှု လုပ်ငန်း၊မိလ္လာသန့်စင်စက်ရုံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရေပေးရေး စနစ်အရ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအထိ စက်ရေတွင်းပေါင်း ၃၀ရှိပြီး နေ့စဉ် ရေဂါလန် ၂၄သန်းခန့် ဖြန့်ဝေပေးနေမှု၊ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာနှစ်တွင် ဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံ တည်ဆောက်ရန် စီစဉ်ထားမှု၊ ရေပိုက်စနစ်မရှိသော မြို့နယ်များတွင် ရေတွင်း ၂၁တွင်းတူးဖော်ပြီး ရေဖြန့်ဝေပေးနေမှု၊ မန္တလေးမြို့တော် ရေတိုးချဲ့ပေးဝေနိုင်ရန် ဆောင်ရွက်နေမှု၊ သန့်ရှင်းရေးစနစ်အရ ရပ်ကွက်၊ ဈေး၊ ဆေးရုံ၊ ဌာနများ၏ အမှိုက်နှင့် အညစ်အကြေးများစွန့်ပစ်မှု ၊သိမ်းဆည်းနေမှု၊ မြို့စိမ်းလန်းစိုပြည်ရေး အစီအစဉ်အရ မိုးရာသီ သစ်ပင်စိုက်ပွဲများကျင်းပမှု၊ ကန်တော်ကြီးဒေသ၊ မြို့တော်လမ်းမကြီးများ၊ ကမ်းနားလမ်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့ မြို့တော် စည်ပင်သာယာရေး ကော်မတီက တည်ဆောက်နေသော အဆင့်မြှင့်မြို့တော်ဆေးရုံ တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တည်ဆောက်ရေးလုပ်ငန်းများ

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသည့် လမ်းမကြီးများ၊ မြို့တွင်းလမ်းများ၊ မြို့ပတ်လမ်းများ၊ လမ်းသွယ်များ၊ ရပ်ကွက်တွင်းလမ်းများ အဆင့်မြှင့်မွမ်းမံထားမှု၊ ၅၂ ဒသမ ၄မိုင်ရှိ မြို့ပတ်လမ်းကြီးကို အပိုင်းလိုက် ကတ္တရာခင်းပြီးစီးမှု၊ ရွှေကျင်ချောင်းကူးတံတား အမှတ်(၁)နှင့် အမှတ်(၂)၊ အောင်ချမ်းသာတံတား တည်ဆောက်ထားမှု၊ ကန်တော်ကြီးပတ်လမ်း ဖောက်လုပ်ထားမှု၊ ကန်တော်ကြီးဒေသကို မြို့လူထုအပန်းဖြေ နေရာဖြစ်စေရန် ဆောင်ရွက်နေမှု၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊

- **ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်အံ့ဆိုသည့် မြန်မာ့ပညာရေးဆောင်ပုဒ်နှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုးကို မြှင့်တင်စွမ်းဆောင်ပေးနိုင်မည့် ပညာရှင်များအဖြစ်ဖြင့် အမျိုးသားပညာရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ဤသင်တန်းမှာ ဆွေးနွေးပို့ချပေးမည့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်၊ နိုင်ငံတကာ၏ အခြေအနေစုံနှင့် သိသင့်သိအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ အကြောင်းအရာစုံကို စိတ်ဝင်တစားလေ့လာကြပါ၊ဆွေးနွေးကြပါ၊မှတ်သားသွားကြပါ**

ဟု မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နံနက် ၁၀နာရီ ၁၅မိနစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါသင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၉၉၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။ (သတင်းစဉ်)

✳ စာမျက်နှာ ၉ မှ

ရေတံခွန်တောင်ဒေသနှင့် ရေမျက်ကြီးအင်းတွင် ဟင်းသီးဟင်းရွက် စိုက်ခင်းနှင့် ကြက်၊ဝက်၊ငါးနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ နိုင်ငံတကာ ခေတ်မီဈေးချိုတော်ပလာဇာကွန်ဒိုမီနီယံ ၂၅ထပ် အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်နှင့် ဒုတိယမြို့တော်ဖြစ်သည့် မန္တလေးမြို့တော်တို့ကို နိုင်ငံတကာ မြို့တော်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့်ညီညွတ် ပြည့်စုံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့တော်ကြီးများအဖြစ် တင့်တင့်တယ်တယ် တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီတို့ကို ဖွဲ့စည်းပေးပြီး လုပ်ငန်းများစနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်စေလျက်ရှိကြောင်း။

စီမံဖြည့်ဆည်း

မန္တလေးမြို့တော်ကြီးသည် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့်အားလျော်စွာ မြို့တော်၏အင်္ဂါရပ်များနှင့် ညီညွတ်စေပြီး သန့်ရှင်းသာယာလှပသည့် မြို့တော်ကြီးအဖြစ် ဖြစ်ထွန်းလာအောင် စနစ်တကျ မွမ်းမံသွားကြရန်လိုကြောင်း၊ မြို့တော်နေပြည်သူများ လူနေမှုအဆင့်မြင့်မားရေးအတွက် သန့်ရှင်းရေး၊ ရေပေးဝေရေး၊ အညစ်အကြေးစွန့်ပစ်ရေး၊ ကျန်းမာရေး၊ လမ်းမကြီးများနှင့် လမ်းသစ်များကောင်းမွန်ရေး စသည့် ကဏ္ဍစုံ ကောင်းမွန်တိုးတက်သည် ထက်ကောင်းမွန်အောင် လိုအပ်ချက်များကို အပိုင်းလိုက် စနစ်တကျစီမံဖြည့်ဆည်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

မန္တလေးမြို့တော်ကြီး သန့်ရှင်းသာယာ လှပတင့်တယ်ရေး၊ မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်ရေးတို့အတွက် ခေတ်မီဈေးသစ်ကြီးများ အဆင့်မြင့်တည်ဆောက်ရာတွင် လည်းကောင်း၊ အဆင့်မြင့်အိမ်ရာစီမံကိန်းများ တည်ဆောက်ရာတွင်လည်းကောင်း စီမံကိန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းရှင်များနှင့် သုံးစွဲကြသည့်ပြည်သူများ နှစ်ဦးနှစ်ဖက်မျှမျှတတ အကျိုးရှိကြစေရေးအတွက် လိုအပ်သလို ထိန်းညှိပေးကြရန်လိုကြောင်း၊ မန္တလေးမြို့တော်ကြီးကို အဆင့်မြှင့်ပြုပြင်တည်ဆောက်ရာတွင်လည်း နောင်တိုးပွားလာမည့် မြို့တော်နေလူဦးရေကို မျှော်မှန်းပြီး သန့်ရှင်းရေးစနစ်၊ ရေပေးဝေရေးစနစ်၊ အမှိုက်သိမ်းစနစ်၊ အညစ်အကြေးစွန့်ပစ်ရေးစနစ်စသည်တို့ကို အပိုင်းလိုက် စီမံချက်ဖြင့် တိုးချဲ့ဆောင်ရွက်သွားကြရန်လိုကြောင်း။

မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သားငါးမွေးမြူရေးနှင့် မီးဖိုချောင်သုံးစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်တို့ကိုလည်း မြို့တော်နေပြည်သူများအား ချိုသာသောဈေးနှုန်းဖြင့် လုံလောက်ပြည့်စုံအောင် ဖြည့်ဆည်း ပေးနိုင်စေရအောင် ဆက်လက်တိုးချဲ့ စိုက်ပျိုးမွေးမြူသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတကာ အဆင့်မီ ဈေးချိုတော်ပလာဇာ ကွန်ဒိုမီနီယံ ၂၅ထပ် အဆောက်အအုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

တိုင်းရင်းဆေးတက္ကသိုလ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာဦးဟန်သိန်းက တိုင်းရင်းဆေး တက္ကသိုလ် (မန္တလေး)၌ လေးထပ်ပင်မဆောင်၊ လေးထပ် အမှတ်(၁)ဆောင်၊ သုံးထပ် အမှတ်(၂)ဆောင်နှင့် နှစ်ထပ် အမှတ်(၃) ဆောင် တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်ကတိုင်းရင်းဆေးတက္ကသိုလ် သင်ကြား၊ စီမံကိန်းစွရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းရင်းဆေးတက္ကသိုလ် ဆေးဥယျာဉ်ကို ပရဆေးမျိုးစုံလင်သည့် ဆေးဥယျာဉ်ကြီး တစ်ခုအဖြစ် အဆင့်မြှင့်ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (မန္တလေး)သို့ ရောက်ရှိကြရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းတို့က အစိုးရနည်းပညာကောလိပ် (မန္တလေး) ပင်မသုံးထပ်ဆောင်နှင့် စာသင်ဆောင်များ တည်ဆောက်ရေးလုပ်ငန်း ဧဝရာခိုင်နှုန်း ပြီးစီးနေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မသုံးထပ်ဆောင်တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာညနေပိုင်းတွင်ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မန္တလေးမြို့ အစိုးရနည်းပညာ ကောလိပ်(မန္တလေး) ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာစူဖော့ဒီရာကိုဆာလ်အား ခန့်အပ်ရန်သဘောတူညီ

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာစူဖော့ဒီရာကိုဆာလ်အား ခန့်အပ်ရန်အဆိုပြုချက်ကိုပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ စူဖော့ဒီရာကိုဆာလ်သည် ၁၉၄၉ခုနှစ် ဩဂုတ် ၁၈ ရက်တွင် မွေးဖွားသူဖြစ်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သာမာဆတ်တက္ကသိုလ်မှ နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်နှင့် ဥပဒေဘာသာရပ်တို့ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၎င်းနောက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနတွင်၁၉၇၃ခုနှစ်မှစတင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဟန်ဘိုင်းမြို့၊ ဂျီနီဗာမြို့၊ ရောမမြို့၊ လော့စ်အိန်ဂျယ်လီစ်မြို့တို့ရှိ ထိုင်းနိုင်ငံသံရုံး၊ အဖွဲ့ရုံးများတွင် ရာထူး အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ခန့်အပ်ခြင်းခံရ

မစ္စတာ စူဖော့ဒီရာကိုဆာလ်သည် ၂၀၀၀ပြည့်နှစ်တွင် ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထို့နောက် ၂၀၀၁ ခုနှစ်မှစ၍ ယခုအချိန်အထိ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ စူဖော့ဒီရာကိုဆာလ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲ ကူမင်း၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ဇန်နဝါရီ ၄ရက် ညနေ ၆နာရီတွင် ကူမင်းမြို့ ကူမင်းဟိုတယ် ညှော်ခန်းမ၌ ကျင်းပရာ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Shao Qiwei ဦးဆောင်သော အစိုးရအဖွဲ့မှ ခေါင်းဆောင်များ၊ဌာနဆိုင်ရာနှင့် ကုမ္ပဏီအသီးသီးမှပုဂ္ဂိုလ်များ၊ ကူမင်းမြို့အခြေစိုက်ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ကောင်စစ်ရုံးမှ သံတမန်များ၊ ဖိတ်ကြားထားသူများ၊မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းနှင့် မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးသိန်းဇော်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ညစာဖြင့် တည်ခင်းညှော်ခံသည်။

(သတင်းစဉ်)

ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း၏ လိုအပ်ချက်ဖြည့်ဆည်း အဆင့်မြင့်စားသောက်ဆိုင်ပုဂံ၌ တည်ဆောက်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၆

ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း အောင်မြင်စေရန်အတွက် အဓိကလိုအပ်ချက်မှာ ၎င်းတို့ စိတ်ဝင်စားစွာကြည့်ရှုနိုင်သော နေရာဒေသများရှိနေရန် လိုအပ်သကဲ့သို့ အဆင့်မီစွာတည်းခို နေထိုင်စားသောက်ရန် နေရာများလည်းအထူးလိုအပ်လှပါသည်။

ယခုအခါ မြန်မာလူမျိုးများပိုင်သော ဟိုတယ်များ၊စားသောက်ဆိုင်များ ပေါ်ပေါက်လျက်ရှိရာ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၅ရက်က ပုဂံတွင် ဖွင့်လှစ်ခဲ့သော Eden BBB အဆင့်မြင့် စားသောက်ဆိုင်မှာလည်း တစ်ခုအပါအဝင်ဖြစ်ခဲ့ပါသည်။

ပုဂံ၊ညောင်ဦးလမ်းမကြီးဘေး၊ဝက်ကြီးအင်းရပ်တွင် တည်ရှိသည်ဖြစ်ရာ နေရာ၏ ကောင်းခြင်း၊ ဦးစန်းဦး ဦးစီးသော ဒီဇိုင်း၂၀၀၀(Design Two Thousand)မှ ပုံစံထုတ်လုပ်ထားသောအဆောက်အအုံ၏ ခံ့ညားလှပခြင်း၊ အဆင့်အတန်းမီ အနောက်တိုင်း အစားအစာနှင့် မြန်မာစစ်စစ်ထမင်း၊ ဟင်းများ၏ အရသာကောင်းခြင်း**(ဝဲပုံ)**၊ အတွေ့အကြုံရင့်၊ သမ္မာရင့်၊ဘီသုံးလုံးစားသောက်ဆိုင် (မန္တလေး)မှ ကိုအောင်ကျော်ဦးနှင့် မသင်းတို့၏ အုပ်ချုပ်မှုအောက်မှ ဝန်ထမ်းများ၏ ညှော်ဝတ်ကျေပွန်မှု၊ အေဒင်အုပ်စုမှ ဦးချစ်ခိုင်နှင့် အဖွဲ့သားများ၏ စေ့စပ်သေချာမှု၊ တောင့်တင်းခိုင်မာမှုတို့ဖြင့်ပေါင်းစပ်လိုက်သောအခါ (EdenBBB Restaurant–ပုဂံ)သည် ပြီးပြည့်စုံသော အဆင့်မြင့်စားသောက်ဆိုင်ကြီးတစ်ခု ဖြစ်ခဲ့ရသည်။

မြန်မာ့ရိုးရာမပျက် ပုံစံထုတ်၍ ခေတ်မီနည်းပညာများဖြင့် ဆောက်လုပ်ထားသော အဆင့်မြင့် (Eden BBB° Restaurant) အဆောက်အအုံ၏ ခံ့ညားလှပမှုကို တွေ့ရစဉ်။

ပုဂံဒေသတွင် ထိုသို့သော အဆင့်မီစားသောက်ဆိုင်များ ထပ်မံပေါ်ထွက်လာစေကြောင်း ဆုမွန်ကောင်းတောင်းမိပါတော့သည်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ–ကျော်မျိုးနိုင်

❍ ရန်ကုန်မြို့တော်ကြီးမှ

၁၀နှစ်ကျော် ကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုများ မျက်ဝါးထင်ထင် လက်ညှိုးထိုးပြနိုင်သည်များ ရှိသကဲ့သို့ စာတတ်မြောက်သူ ရာခိုင်နှုန်း၇၈ရာခိုင်နှုန်းမှ ၉၂.၃သမ၂ရာခိုင်နှုန်းထိ တိုးတက်လာခြင်း၊ GDP ၁၁.၃သမ ၁ရာခိုင်နှုန်းထိ တိုးတက်လာခြင်းကဲ့သို့သော တိုးတက်မှုမျိုးများလည်း ရှိနေသည်။ နောက်ထပ် မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည့် တိုးတက်ပြောင်းလဲမှုမှာ မြို့ရွာများ ကျယ်ပြန့်လာခြင်းနှင့် အိမ်ရာများ အဆင့်မြင့်လာခြင်းပင်ဖြစ်သည်။

မြို့ပြများ ကျယ်ပြန့်လာရခြင်း၏ အကြောင်းရင်းတွင် လူဦးရေတိုးပွားလာခြင်းနှင့် ကျေးလက်ဒေသများမှ ပြောင်းရွှေ့ အခြေချလာသူ များပြားလာခြင်းတို့မှာ အခြေခံကျသော အကြောင်းအရာများပင် ဖြစ်သည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၃သန်းကျော်ရှိနေပြီး နိုင်ငံ့ဧရိယာအကျယ်အဝန်းအရ တစ်ကီလိုမီတာပတ်လည်တွင် ပျမ်းမျှ လူဦးရေ ၇၆ဦးနှုန်းဖြင့်တွက်ပါက နေရာနှင့် လူဦးရေ အချိုးအစား ဟန်ချက်ညီမှု ရှိနေသေးကြောင်း သိရသည်။

ပြည်သူများ လူနေမှုဘဝမြင့်မားပြီး ကျန်းမာရေးနှင့် ညီညွတ်သော၊ မြို့တော်အင်္ဂါရပ်နှင့် လျော်ညီသော ဉယျာဉ်မြို့တော်များ၊ လူနေရပ်ကွက်များ ပေါ်ထွန်းလာရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တိုင်းရင်းသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြို့ပြတိုးချဲ့မှု

ယင်းသို့ဖြင့် ရန်ကုန်မြို့တော်၏ ပတ်ဝန်းကျင်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်များ၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်စသည့် အရန်မြို့ (Satellite Towns)များ ပေါ်ပေါက်လာရသည်။ မြို့ပြများ တိုးချဲ့ခြင်း၊ အဆင့်မီ အိမ်ရာများ ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ကြေးမုံသတင်းအဖွဲ့အား ဤသို့ ရှင်းလင်းပြောကြားခဲ့သည်။

"မြို့ပြဒေသတွေမှာ မြို့(ဒါမှမဟုတ်) မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ခြင်းဆိုတဲ့ ဂုဏ်အင်ကို အိမ်ရာတွေက ဖြည့်ဆည်းပေးနိုင်ပါတယ်။အင်ဒိုနီးရှားမှာ ကမ်ပုံ၊ မက္ကဆီကိုမှာ ဘာရီယို့စ်၊ ချီလီမှာ ကော်လံပတ်စ်၊ ဘရာဇီးမှာ ဖေဗဲလာစ်၊ ဖိလစ်ပိုင်မှာ တာရွန်တာရွန်၊ အိန္ဒိယမှာ အာဗန်း ဗီလေးချ်၊ မြန်မာနိုင်ငံမှာ ကျူးကျော်လို့ခေါ်တဲ့ တရားမဝင်ဖြစ်ကတတ်ဆန်း အိုးအိမ်တွေဟာ သက်ဆိုင်ရာ နိုင်ငံအသီးသီးရဲ့ မြို့ပြပြဿနာတွေဖြစ်ပါတယ်။ ဖယ်ရှားလိုက်၊ ပြန်ဝင်လာလိုက် တစ်နေရာမှာ ရှင်းလိုက်၊တစ်နေရာမှာပေါ်လာလိုက်နဲ့ မှန့်လုံးစက္ကူကပ်ဖြစ်နေတဲ့ နိုင်ငံတွေက များပါတယ်။

"အိမ်ဆိုတဲ့နေရာမှာ သာမန်အားဖြင့် အမိုး၊ အကာ၊ အခင်း အင်္ဂါသုံးခုစုံရင် အိမ်လို့ ယေဘုယျဆိုကြတယ်။ ဒါပေမယ့် အိမ်ရဲ့အဓိပ္ပာယ်ဟာ ဒီလောက်နဲ့ မလုံလောက်ပါဘူး။ အိမ်လို့ဆိုလိုက်တာနဲ့ မြေပါရမယ်၊ နေအိမ်အဆောက်အအုံ ပါရမယ်၊ ရေ၊ မီး၊ လမ်း၊ ရေမြောင်း၊ မိလ္လာစနစ်စသည့် အခြေခံအဆောက်အအုံတွေ၊ ဈေး၊ ဆေးရုံ၊ စာသင်ကျောင်း၊ ကစားကွင်း၊ ပန်းခြံစသည့် လူမှုဝန်ဆောင်အဆောက်အအုံတွေ ပါရမယ်လို့ အိမ်ရာဖွံ့ဖြိုးရေး ပညာရှင်တွေက ဆိုထားပါတယ်။

ဒီလိုပဲ အိမ်အကျိုး၁၀ပါးလည်း ရှိတယ်လို့ပြောချင်ပါတယ်၊ အဲဒါတွေကတော့-

(၁) မိသားစုဘဝ လုံခြုံမှုကို ဖြစ်ပေါ်စေခြင်း၊
(၂) ပညာရေးဖွံ့ဖြိုးစေခြင်း၊
(၃) ကျန်းမာရေး တိုးတက်ကောင်းမွန်စေခြင်း၊
(၄) မြို့ပြ သို့မဟုတ် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေခြင်း၊
(၅) မီးဘေး အန္တရာယ်ကို ကာကွယ်နိုင်ခြင်းဆိုတဲ့ လူမှုရေး အကျိုးငါးရပ်၊
(၆) လုပ်အား၏ စွမ်းဆောင်ရည် မြင့်မားလာစေခြင်း၊
(၇) အလုပ်အကိုင် ရရှိစေပြီး ဝင်ငွေတိုးပွားမှုကို ဖြစ်ထွန်းစေခြင်း၊
(၈) စုဆောင်းငွေကို အိမ်ရာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုမှ တစ်ဆင့် စီးပွားရေးဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေခြင်းဆိုတဲ့ စီးပွားရေး အကျိုးသုံးရပ်နဲ့
(၉) တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ရရှိစေခြင်း၊
(၁၀) မြို့ပြတရားဥပဒေ စိုးမိုးရေးကို ဖြစ်ထွန်းစေခြင်းဆိုတဲ့ နိုင်ငံရေးအကျိုး နှစ်ရပ်ရယ် တို့ဖြစ်ပါတယ်။ လူမှုငါးပါး၊ စီးပွားသုံးတန်၊ နိုင်ငံနှစ်ရပ်လို့ဆိုအပ်တဲ့ အကျိုးထူး ၁၀ပါးကို အိမ်ရာကဏ္ဍကနေ ပေးနိုင် တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

"ဒါကြောင့်မို့ နိုင်ငံတော်အစိုးရရဲ့ ထူးမြတ်တဲ့စေတနာ၊ မှန်ကန်တဲ့ လမ်းညွှန်ချက်များနှင့်အညီ မြို့ရွာနဲ့ အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်မှုမရှိတဲ့ အဆင့်နိမ့်ရပ်ကွက်တွေမှာ ခေတ်မီ အိမ်ရာတွေဆောက်လုပ်ခြင်း၊အဆင့်မြင့် အိမ်ရာနဲ့ စီးပွားရေးအဆောက်အအုံတွေ ဆောက်လုပ်ခြင်း၊ တဲအိမ်မှ တိုက်တာသို့ အဆင့်မြင့်အိမ်ရာ ဆောက်လုပ်ခြင်း၊ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ မြို့သစ်ရပ်ကွက်နှင့် စက်မှုဇုန်များတည်ဆောက်ခြင်း၊ မြို့ပြနှင့် ဒေသစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊ မြေယာရှုခင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ အိမ်ရာနှင့် စက်မှုမြေကွက်များ ဖော်ထုတ်ရောင်းချခြင်း၊ ရေရရှိရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊ အိမ်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ၊ မြေယာစီမံခန့်ခွဲမှုလုပ်ငန်းတွေဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းတွေကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ရန်ကုန်မြို့တော်ရဲ့ ကျူးကျော်အိမ်ရာနဲ့ အဆင့်နိမ့် လူနေရပ်ကွက်တွေရဲ့ ပြဿနာတွေ တဖြည်းဖြည်း ကင်းရှင်းပျောက်ကွယ်သွားခဲ့ပြီး ရန်ကုန်မြို့တော်ကြီးဟာလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့တော်ကြီးရဲ့ အသွင်သဏ္ဍာန်တွေ ပေါ်လာခဲ့ပြီဆိုတာကို အကျယ်ချဲ့ပြီး မပြောလိုတော့ပါဘူး။ အားလုံး မျက်ဝါးထင်ထင် မြင်ကြတဲ့အတိုင်းပါပဲ"ဟု ပြောကြားသည်။

၈၈ခုနှစ်မတိုင်မီ

ရန်ကုန်မြို့တော်ကြီးသည် ၁၉၈၈ ခုနှစ် မတိုင်မီကာလက ကျန်းမာရေးနှင့် မညီညွတ်သည့်ရပ်ကွက်များ၊ကျူးကျော်တဲအိမ်များ၊ အဆောက်အအုံဟောင်းများဖြင့် မြို့တော်အင်္ဂါရပ်များနှင့် မညီညွတ်ဘဲ ရှိနေခဲ့သည်။

သို့ဖြစ်၍ ၁၉၉၀ပြည့်နှစ်ခန့်က စတင်ပြီး ရန်ကုန်မြို့တော်အတွင်း ကျန်းမာရေးနှင့် ညီညွတ်ပြီး မြို့ကွက်စနစ်ကျနစေရေးနှင့် မြို့တော်နေ ပြည်သူများ အိမ်ပိုင်ရာပိုင်ဖြစ်လာစေရေးအတွက် မြို့တော်ဝန်းကျင်ဒေသများတွင် မြို့သစ်များတည်ဆောက်ခြင်း၊ မြို့တော်အတွင်း ခေတ်မီအဆင့်မြင့် အဆောက်အအုံ စီမံကိန်းများ၊ တဲပေါ်မှ တိုက်ပေါ်သို့ တင်ပေးသည့် အိမ်ရာစီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ရန်ကုန်မြို့တော်ကြီးကို ခေတ်မီမြို့တော်ကြီးအဖြစ် မြှင့်တင်ဆောင်ရွက်ခဲ့သည့်အတွက် ယခုအချိန်အခါတွင် ရန်ကုန်မြို့တော်ကြီး၏ မြင်ကွင်းမှာ ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ သို့ရာတွင် ဒေသတွင်းရှိ နိုင်ငံများ၏ မြို့တော်ကြီးများ၊ နိုင်ငံတကာမြို့တော်ကြီးများနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက်ဆက်လက် အဆင့်မြှင့်တင် ဆောင်ရွက်ဖွယ်ရာများစွာရှိနေသေးသည်။

လမ်းညွှန်မှုပြုခဲ့

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့်တင်နိုင်ရေးအတွက် မြို့တော်အိမ်ရာစီမံကိန်းများ စနစ်တကျ ဖြစ်ထွန်းလာစေရေး၊ ခေတ်မီ အဆင့်မြင့်အိမ်ရာ စီမံကိန်းများ ပေါ်ထွန်းလာစေရေးနှင့် မြို့တော်နေပြည်သူများ သင့်တင့်သက်သာသောနှုန်းထားဖြင့် လူနေမှုဘဝ အဆင့်အတန်းမြင့်မြင့်မားမားနေထိုင်နိုင်စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုခဲ့သည်နှင့်အညီ ရန်ကုန်မြို့တော် အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းများ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။

ဤသို့သော အခြေအနေအချိန်အခါကောင်းတွင် အဆင့်မြင့် မြို့တော်အိမ်ရာစီမံကိန်းများ ပေါ်ထွန်းလာစေရေးနှင့် ယှဉ်တွဲလျက် ယာဉ်အသွားအလာ ပြေပြစ်ချောမွေ့စေရေး၊ သစ်ပင်ပန်းမန်တို့ဖြင့် စိမ်းလန်းစိုပြည် ဝေဆာလှပသာယာရေး၊ ဆိပ်ကမ်းများ သန့်ရှင်းသပ်ရပ်သာယာရေး၊ ခေတ်မီပြီး မျက်စိပသာဒဖြစ်စေမည့် လမ်းလယ်ကျွန်းများ၊ သုံးမြှောင့်ချွန်းများ၊ အဝိုင်းကြီးများ တည်ဆောက်ရေး စသည့် မြို့တော်အဆင့်မြှင့်တင်ရေး အစီအမံများကို အင်တိုက်အားတိုက် စီမံဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ ခေတ်မီအဆင့်မြင့် ခံ့ညားထည်ဝါသည့် အဆောက်အအုံများဖြင့် နိုင်ငံတကာ မြင်ကွင်းတွင် တင့်တယ်ခံ့ညား သာယာလှပသည့် ရန်ကုန်မြို့တော်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပုဂ္ဂလိက အိမ်ရာစီမံကိန်းလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက တက်ညီလက်ညီဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။ (ကြေးမုံ)

ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်း စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးကို ဤသို့ ခေတ်မီလှပစွာ တွေ့ရစဉ်။ ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

မြို့တော်အိမ်ရာ စီမံကိန်းနှင့်အညီ အဆင့်မြင့်အိမ်ရာ စီမံကိန်းများ ပေါ်ထွန်းလာမှုကြောင့် ပြည်သူများ"အိမ်အကျိုးဆယ်ပါး"နှင့်အညီ ခံစားနေကြရပါပြီ။ (ဦးမြင့်ဆွေ-ဒုတိယညွှန်ကြားရေးမှူး၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန) ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၀၃ခုနှစ် ဩဂုတ်၈ရက်တွင် ဆောက်လုပ်ဖွင့်လှစ်လိုက်သော ရွှေပြည်သာမြို့နယ် (သံဒင်း)ရှိ လူငယ်လူရွယ်များအတွက် ပညာရေး အထောက်အကူပြု အမှတ်(၄၄) အခြေခံပညာ မူလတန်းလွန်ကျောင်းကို ဖွင့်လှစ်ပြီး ဤသို့တွေ့ရစဉ်။
ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ရခိုင်သဟာယအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် (၇၅)နှစ်ပြည့်ပြီး အသင်းဝင်များ၊ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရသည့် အသင်းဝင်များ၏ မိသားစုဝင်များ၊ ၂၀၀၃ခုနှစ် အမျိုးသားစာပေဆုနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများ အထောက်အထားများနှင့် အတူ ဇန်နဝါရီ ၁၃ရက် နောက်ဆုံးထား၍ ဦးကျော်ဇလှ ဖုန်း-၅၅၆၂၂၁နှင့် ဦးရွှေလှဖြူ ဖုန်း-၆၆၂၃၇၁ထံသို့ စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါကသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၁၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၂၀ ၈။ ယူးချောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Learning English The Easy and Happy Way For Children and Beginners.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၃၀ ၇။ သီချင်းကြီးပဒေသာ
၅:၄၅ ၈။ တေးဂီတအစီအစဉ်
၆:၀၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၁၅ ၁၀။ Discovery.
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ Milo Success in Soccer.
၇:၁၀ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၇:၂၀ ၁၅။ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေး စုံညီပွဲတော် "မြန်မာနှင့်နိုင်ငံတကာ လူမှုဆက်ဆံရေးထုံးဓလေ့ တတ်ကျွမ်းမှုပြိုင်ပွဲ"
၇:၃၀ ၁၆။ တေးဂီတအစီအစဉ်
၇:၄၅ ၁၇။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရာ "လှျပ်စစ်စွမ်းအားထွန်းကားတင့်တယ် ဂုဏ်ယူဖွယ်"
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၁၁)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ ငါးမွေးမြူရေး အထူးဇုန် ကြီးကြပ်မှုကော်မတီ ကြေညာချက်

၁။ စိုက်ပျိုးမြေ(၅)ဧက၊ တစ်ယူနစ်အခမဲ့ပေးမည်။

၂။ ကိုယ့်အားကိုယ်ကိုး ဂဝံခင်းလမ်း၊ လျှပ်စစ်မီးနှင့်ရေပြွန်ပေါက် ပြုလုပ်ရန် တစ်ယူနစ်လျှင် ၆၇၀၀၀၀ိ/-ပေးသွင်းရမည်။

၃။ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ကြက်/ငါးများကိုသာ စိုက်ပျိုးမွေးမြူရမည်။

၄။ နှစ်ရှည်ပင်အားခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက်အလယ်၌ လုံးဝမစိုက်ရ၊ ခြံစည်းရိုးတွင် ဆူးပုပ်၊ ကင်ပွန်းချဉ်၊သပြေ၊ ပေါက်ပန်းဖြူ၊ ပြည်ပန်းညို၊ ဒန့်ဒလွန်၊ကြောင်လျှာ၊သံပရာ၊ရှောက်၊ ကျွဲကောလိမ္မော်၊ ကွမ်းသီး၊အုန်း၊ငှက်ပျော၊ သဘောစသည့်အပင်လတ်အုပ်စုများကိုသာစိုက်ရမည်။

၅။ စည်းကမ်းနှင့်အညီ စနစ်တကျစိုက်ပျိုးနေသည့် ကာလပတ်လုံး ရာသက်ပန် လုပ်ကိုင်ခွင့်ပေးမည်။(၅၀ရာခိုင်နှုန်း)ပြည့်အောင်မစိုက်ပါက လုပ်ပိုင်ခွင့်ရုပ်သိမ်းမည်။ ငွေပြန်မအမ်းပါ။

၆။ ဇုန်ကြီးကြပ်ရေးကော်မတီ၏အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်/ငါးများကို ပြည်တွင်း၊ပြည်ပသို့ လွတ်လပ်စွာ ရောင်းချနိုင်သည်။

၇။ စဉ်ဆက်မပြတ် (၅)နှစ်စိုက်ပျိုးပြီးလုပ်ကိုင်ခွင့်ပြောင်းလဲလိုပါက တည်ဆဲမြေယာဥပဒေများနှင့်အညီ ပြောင်းလဲချထားခွင့်ပြုမည်။

၈။ နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှပိုင်ဆိုင်ခွင့်ပေးခြင်း ခွင့်မပြု(မပြု)။

၉။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။

၁၀။ တစ်ဦးလျှင်အနည်းဆုံး(၁)ယူနစ်(၅)ဧကမှ အများဆုံး(၂)ယူနစ်(၁၀)ဧကအထိ လုပ်ကိုင်ခွင့်ချထားပေးမည်။

၁၁။ ဇုန်သက်တမ်း(၃)နှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ၇၆၇၁ဧက၊ ကြက်မွေးမြူရေးလုပ်ငန်း ၁၉၈၃ဧက၊ ငါးမွေးမြူရေးလုပ်ငန်း၇၈၃ဧက၊ စက်မှုလုပ်ငန်း၁၅၅ ဧက၊ စုစုပေါင်း၁၀၅၉၂ဧကခွင့်ပြုချထားပေးပြီးဖြစ်သည်။

၁၂။ ယနေ့အထိ အသားစားကြက်ကောင်ရေ (၆)သိန်းကျော်၊ ဥစားကြက်ကောင်ရေ (၁)သိန်းကျော် စုစုပေါင်းကြက်ကောင်ရေ (၇)သိန်းကျော် မွေးမြူထုတ်လုပ် အောင်မြင်လျက်ရှိသည်။

၁၃။ ရန်ကုန်ပြည်လမ်းဘက်မှ ဇုန်အဝင်ကတ္တရာလမ်း(၅)မိုင်၊ရန်ကုန်-ပဲခူးလမ်း ဘက်မှ ဇုန်အဝင် ကွန်ကရစ်လမ်းမကြီး (၄)မိုင်၊ ဇုန်အတွင်းမြေသားဂဝံလမ်း၁၀၈မိုင် ဖောက်လုပ်ပေးပြီးဖြစ်သည်။

၁၄။ (၁၁)ကေဗီအေ ဓာတ်အားလိုင်း ၂၈မိုင်၊၄၀၀ဗို့လိုင်း ၅၄မိုင်သွယ်တန်းပေးထားပြီး ၂၄နာရီ ဓာတ်အားသုံးစွဲခွင့်ရရှိပြီးဖြစ်သည်။

၁၅။ ကိုယ်တိုင်လှည့်အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ထားရှိပြီး ပထမအဆင့်အနေဖြင့် လုပ်ငန်းရှင်၁၀၀ဦးသုံးစွဲခွင့်ရရှိပြီးဖြစ်သည်။ထပ်မံ၍ လိုင်း ၅၀၀ကျော် တိုးချဲ့တပ်ဆင်ပေးမည်။ ကုန်ကျစရိတ် သက်သာစွာဖြင့် သုံးစွဲခွင့်ရရှိမည်။

၁၆။ အထယုရေလှောင်တမံတစ်ခု ဆောက်လုပ်ပေးထားပြီး ၎င်းမှလက်တံတူးမြောင်းကွန်ရက်မိုင်(၂၀၀)ကျော် ဖောက်လုပ်ကာရေပေးဝေရေး ဆောင်ရွက်ပေးထားသည့်အပြင် ငမိုးရိပ်လက်ယာတူးမြောင်းမှ ဆည်ရေကိုလည်း မြောင်းလက်တံ(၂ဒသမ၅)မိုင်တူးပေးပြီး ရေပေးဝေနေသဖြင့် ရေလုံလောက်စွာရရှိရေး စီစဉ်ပေးထားပြီး ဖြစ်ပါသည်။

၁၇။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းပညာနှင့်ပံ့ပိုးမှုလုပ်ငန်းဆပ်ကော်မတီဖွဲ့စည်းထားပြီး ဇုန်အတွင်းစိုက်ပျိုးရေး လုပ်သားများကို သင်တန်းပို့ချပေးလျက်ရှိသည်။ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ဓာတ်ခွဲခန်းများဖွင့်လှစ်ပေးထားသည်။ မျိုးစေ့အရောင်းဆိုင်၊ ဓာတ်မြေဩဇာ အရောင်းဆိုင်များဖွင့်လှစ်ပေးထားသည်။

၁၈။ လုံခြုံရေးအတွက် ရဲစခန်း(၂)ခုနှင့်ရဲကင်းစခန်း(၃)ခု ဖွင့်လှစ်ပေးထားသည်။

၁၉။ စာသင်ကျောင်း(၂)ကျောင်း၊ ကျန်းမာရေးဆေးခန်း(၁)ခု၊ မီးသတ်စခန်း၊ (၁)ခုနှင့်ဇုန်တာဝန်ရုံးနှင့် အစည်းအဝေးခန်းမကြီး(၃)ခု ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

၂၀။ ခရီးသည်တင်ကားနှင့် ဈေးကားများစီစဉ်ပေးထားသည်။

၂၁။ ညောင်နှစ်ပင်အထူးဇုန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းလုပ်ကိုင်ရန် စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါ ဇုန်ကြီးကြပ်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

(၁) ဦးလှစိုး အထူးဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖုန်း-၃၇၀၅၀၈ တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အမှတ်(၅၀)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဦးအောင်စန်း အထူးဇုန်(၁) တာဝန်ခံ ဖုန်း-၆၆၄၀၉၃ တိုင်းမန်နေဂျာ၊ ခဝဲခြံ(၁)လမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

(၃) ဦးသိန်းနိုင် အထူးဇုန်(၂)တာဝန်ခံ ဖုန်း-၆၄၂၂၂၇ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။

(၄) ဦးကျင်ထွန်း အထူးဇုန်(၃)တာဝန်ခံ တိုင်းမြေစာရင်းမှူး၊ တိုင်းမြေစာရင်းဦးစီးဌာန အမှတ်(၄၈၆) ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၈၀၂၇၃

(၅) ဦးသိန်းဇော် အထူးဇုန်ကွပ်ကဲရေးတာဝန်ခံ မှော်ဘီဆန်းခန်းမ၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့နယ်။ ဖုန်း-၆၀၁၁၀၀ EX-၁၄၄

၂၂။ (၅၀%) ပြည့်အောင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခြင်းမရှိသည့် မြေ (၆၀)ယူနစ် (၃၀၀)ဧက ပြန်လည်သိမ်းဆည်းပြီး ထပ်မံလျှောက်ထားသူများအား လုပ်ကိုင်ခွင့်ပြောင်းလဲချထားပေးပြီး ဖြစ်ပါသည်။ အထူးဇုန်ကြီးကြပ်ရေး ကော်မတီအနေဖြင့် ညောင်နှစ်ပင်အထူးဇုန်၏ လုပ်ငန်းများ အရှိန်မြင့်တင်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စည်းကမ်းများအတိုင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော လုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်သိမ်းဆည်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
အထူးဇုန်ကြီးကြပ်ရေးကော်မတီ

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အစည်းအဝေး(၁/ ၂၀၀၄)ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အစည်းအဝေး (၁/၂၀၀၄)ကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ၂၀၀၃ ခုနှစ်အတွင်း မူးယစ်ဗဟိုနှင့် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြရာတွင် မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ် စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံကိန်းများအရ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို ၂၀၀၃ခုနှစ်အတွင်း အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ကြောင်း၊၂၀၀၃-၂၀၀၄ စိုက်ပျိုးရာသီအတွင်း မိုးသီးနှံစိုက်ပျိုးရန် ၁၉၃၂၇ ဧက လျာထားသည့်အနက် ၁၉၄၇၃ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် မိုးသီးနှံစိုက်ပျိုးပြီးစီးမှု ၁၀၁ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရေးတွင် ဧက ၁၀၅၇၀ လျာထားသည့်အနက် နိုဝင်ဘာ ၃၀ရက်အထိ ၄၉၉၃ဧက စိုက်ပျိုးနိုင်မှုကြောင့် ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှု၄၇ရာခိုင်နှုန်းရှိကြောင်း၊ မိုးသီးနှံ၊ ဆောင်းသီးနှံ နှစ်မျိုးပေါင်းစိုက်ပျိုးပြီးစီးမှု ၈၂ ရာခိုင်နှုန်းခန့်ရှိနေပြီးဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ၂၀၀၃ခုနှစ်အတွင်း စီမံကိန်းဝင်နယ်မြေဒေသ ကျေးရွာများတွင် တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ် ပန်းတိုင်သစ်ရန်ပုံငွေမှ ထုတ်ပေးခဲ့သည့် ငွေကျပ် ၁၂၅သိန်းဖြင့် မျိုးဝက်၊မျိုးကြက်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ အနေဖြင့် ၂၀၀၃ ခုနှစ် ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းအခြေပြု ကိုယ်စိတ်ကျန်းမာ ဘဝတာနှင့် HIV/ AIDS တားဆီးနှိမ်နင်းရေး SHAPE စီမံကိန်းအရ သင်တန်းပို့ချ လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့များအနေဖြင့် ၂၀၀၃ခုနှစ်အတွင်း ထူထောင်ရေး စခန်းများအလိုက် ပြန်လည်ထူထောင်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်မှုအပြင် နယ်စပ်ဒေသများ မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ရေး စီမံချက်အရ တာချီလိတ် ပြန်လည်ထူထောင်ရေးစခန်းကို ဇန်နဝါရီ ၉ရက်မှာ စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးများအန္တရာယ် အသိပညာပေးရေး တားဆီးကာကွယ်ရေးများနှင့်ပတ်သက်သည့် လှုပ်ရှားမှုသတင်းများကို မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ MRTV-3၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဟန်ချက်ညီညီ Media လုပ်ငန်းများ တာဝန်ယူဆောင်ရွက် ပေးခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့် HIV/ AIDS အန္တရာယ်ကာကွယ်ရေး၊ အသိပညာပေး ဗီဒီယိုဓာတ်လမ်းတစ်ပုဒ်နှင့် ဓာတ်လမ်းတိုနှစ်ပုဒ် ရိုက်ကူးထုတ်လွှင့် ပြသနိုင်ခဲ့ကြောင်း။

ပန်းတိုင်သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ဘိန်းစိုက်ပျိုးခြင်းမပြုတော့သည့် တောင်သူများ စားဝတ်နေမှု အခက်အခဲမရှိစေရေးအတွက် ၂၀၀၃ခုနှစ်အတွင်း နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးနှင့် လောက်ကိုင်နယ်မြေဒေသများမှ ဘိန်းမစိုက်တော့သည့် တောင်သူများအတွက် ဆန်အိတ် ၆၀၀၀နှင့် ဆားအိတ် ၁၅၀ကို ၂၀၀၃ ခုနှစ် ဇွန်လအတွင်းမှာ ထောက်ပံ့ပေးခဲ့ကြောင်း။

အလားတူ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)နှင့် နိုင်ငံတကာ NGO များဖြစ်ကြသည့် World Vision Care, ADRA အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်အထူးဒေသ(၁)မှ ဘိန်းမစိုက်တော့သည့် တောင်သူများအတွက် အမေရိကန်ဒေါ်လာ ၁၈၆၀၀၀တန်ဖိုးရှိ ဆန်တန်ချိန်၇၆၀ကို ၂၀၀၃ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ကြောင်း။

ဆက်လက်ပြီး တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကို ၂၀၀၂ခုနှစ် ဇွန်လ ၁၇ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၆/၂၀၀၂)ဖြင့်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၃)ဖြင့် ထုတ်ပြန်နိုင်ခဲ့ကြောင်း။

မူးယစ်ဗဟိုအဖွဲ့၏ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍနှင့် ပတ်သက်ပြီး ၂၀၀၃ခုနှစ်အတွင်းတွင် အာဆီယံနိုင်ငံများ၊ တရုတ်၊ အိန္ဒိယ အပါအဝင် အခြားနိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို တင်ပြရမည်ဆိုပါက မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းပြီး ၁၉၉၆ ခုနှစ်မှစတင်၍ ဘိန်းအထွက်နှုန်းတိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် ဘိန်းစိုက်ပျိုးမှုသာမက ထုတ်လုပ်မှုပါ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရကြောင်း။

ယခု ၂၀၀၄ခုနှစ်အတွင်းတွင်လည်း UNODCနှင့် ပူးပေါင်းပြီး တရားမဝင်ဘိန်းစိုက်ပျိုးမှုမြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးဇုန်တွင် ၁၈ မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဇုန်တွင် ကိုးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးဇုန်တွင် ၁၆ မြို့နယ်၊ "ဝ"အထူးဒေသ ခြောက်မြို့နယ်နှင့် "ဝ"စီမံကိန်းနယ်မြေများတွင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယခု ၂၀၀၃-၂၀၀၄ခုနှစ်သည် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း ပထမငါးနှစ်တာကာလ၏ နောက်ဆုံးဘဏ္ဍာနှစ်ဖြစ်ကြောင်း၊ ဘဏ္ဍာနှစ်မကုန်ဆုံးမီ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များအလိုက် လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်များမြှင့်တင်ပြီး ပထမငါးနှစ် ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဆိုင်ရာ ပန်းတိုင်သစ်စီမံကိန်းကို ရေးဆွဲပြီး ဒုတိယဝန်ကြီး လေးဦးအဖွဲ့မှ စီမံကိန်းနယ်မြေဒေသများအတွင်းကွင်းဆင်းလှည့်လည်သွားရောက် ကြပ်မတ်ကွပ်ကဲခြင်း၊ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများ ပြုလုပ်နိုင်ခဲ့၍ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းသွားသကဲ့သို့ လောလောဆယ်ကြုံတွေ့နေရသည့် ဓာတုဗေဒပစ္စည်းဖြင့် ထုတ်လုပ်သော စိတ်ကြွရူးသွပ်ဆေး (မက်သာဖက်တမင်း)ပြဿနာ လျော့နည်း ပပျောက်စေရေးအတွက် လက်တွေ့ ကွင်းဆင်းဆောင်ရွက်မည့် စီမံချက်တစ်ရပ်ကို ရေးဆွဲအကောင်အထည် ဖော်သွားနိုင်ရေး၊ တာချီလိတ်ဒေသတွင်မူးယစ်ဆေးဖြတ် ကုသရေးစခန်းနှင့် ပြန်လည်ထူထောင်ရေးစခန်းများ ထူထောင်နိုင်သကဲ့သို့ မြဝတီ၊ ကော့သောင်း နယ်စပ်ဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ဘိန်းမစိုက်တော့သည့် တောင်သူများစားဝတ်နေရေးအတွက် ထောက်ပံ့မှုပေးရေး၊ လုပ်ငန်းလိုအပ်ချက်များရှိနေခြင်းအပေါ် အတတ်နိုင်ဆုံး ထောက်ပံ့မှုပေးသွားနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ယခု ၂၀၀၄ခုနှစ်အတွင်း အမေရိကန်နိုင်ငံ UNODCတို့နှင့် ပူးပေါင်းဆောင်ရွက်သည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စာရင်းဇယားကောက်ယူရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး သတင်းထုတ်ပြန်ရာတွင် အနီးစပ်ဆုံး တိကျမှန်ကန်မှုရှိအောင် အလေးထားစီမံဆောင်ရွက်သွားရေး တို့ကို အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နယ်စပ်ဒေသများဖြစ်သည့် တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့နယ်များတွင် ၂၀၀၃ခုနှစ်အတွင်း မူးယစ်ဆေးဖြတ်ကုသမှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး၊ ကွတ်ခိုင်နှင့် မူဆယ်ဒေသတွင် မူးယစ်ဆေးဖြတ်ကုသရေးစခန်းတစ်ခု ဖွင့်လှစ်သွားနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ၂၀၀၃ ခုနှစ် အောက်တိုဘာ ၉ ရက်တွင်ကျင်းပခဲ့သော မူးယစ်ဆေးဗဟိုအဖွဲ့အစည်းအဝေး(၃/၂၀၀၃) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်လိုက်နာဆောင်ရွက်ပြီးစီးမှုများကို တင်ပြရာ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ချက်များ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဖြည့်စွက်ရှင်းလင်း တင်ပြပြီး မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၀၄)တွင် အဖွင့်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်သော ကြံသီးနှံ

သတင်းဆောင်းပါး – ကျော်စိန်၊ ဓာတ်ပုံ–အောင်မိုး

အောင်လံမြို့နယ် ဒုရင်ဗိုလ်စက်ရုံမှ ထွက်ရှိသော သကြားအိတ်များကို ပြည်တွင်း၊ ပြည်ပရောင်းချနိုင်ရန်အတွက် မော်တော်ယာဉ်များပေါ်သို့ တင်နေကြစဉ်။

(ဓာတ်ပုံ–အောင်မိုး)

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပို့ကုန်မှ နိုင်ငံခြားငွေ တိုးမြှင့်ရှာဖွေရာတွင် လယ်ယာထွက်ကုန်များမှာ အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ဆန်နှင့်ဆန်ထွက်ပစ္စည်း၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ သကြား၊ ရော်ဘာ၊ ဂုန်လျှော်၊ ကော်ဖီတို့မှ ပို့ကုန်ဝင်ငွေ ဖြည့်ဆည်းပေးလျက်ရှိရာ ယင်းသီးနှံများထုတ်လုပ်မှု တိုးတက်ရေးကိုစီမံဆောင်ရွက်လျက်ရှိသည်။

၎င်းတို့အနက် သကြားပို့ကုန် တိုးတက်ရေးအတွက် အခြေခံကုန်ကြမ်းဖြစ်သော ကြိတ်ဝါးကြံ အပြည့်အဝရရှိရေးအတွက် ကြံစိုက်ဧရိယာတိုးချဲ့ရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကြိတ်ဝါးကြံအလုံ အလောက်ရရှိရန် ပန်းတိုင်အထွက်နှုန်း တစ်ဧကေ တန် ၃၀ ထွက်ရှိရေးကို အထူးဇုန်များ၊ အထွက်တိုးဇုန်များ၊ ကန်ထရိုက်စိုက်ခင်းများ စက်ရုံနယ်မြေအလိုက် ဖွဲ့စည်းအကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြေဆီဩဇာ သင့်တင့်ကောင်းမွန်ပြီး တစ်ကွင်းတစ်စပ်တည်း ဧရိယာများကို ရွေးချယ်၍ သွင်းရေရရှိအောင် ဆောင်ရွက်ခြင်း၊ ကြံအထွက်နှင့် သကြားထွက်ကောင်းသော ကြံမျိုးများပွားများ ဖြန့်ဖြူးစိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရေတင်ဆီ၊ ကြိုတင်ပင်ထောင်ငွေနှင့် မြေယာထွန်ယက်ခများ၊ သီးနှံပေးစနစ် ပံ့ပိုးမှုနှင့်အတူ နည်းပညာ ပံ့ပိုးကူညီမှုများပေးခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ကြံသီးနှံ အထွက်ကောင်းမျိုး ပြောင်းလဲစိုက်ပျိုးရေးနှင့်ပတ်သက်၍ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ပဲခူးအရှေ့ခြမ်းတွင် လက်ရှိမျိုးဧက ၁၂၀၄၅၉ ဧက၊ အထွက်ကောင်းမျိုးသစ် ၄၉၅၆ ဧက စုစုပေါင်း ၁၂၅၄၁၅ ဧကကိုလည်းကောင်း၊ ပဲခူးအနောက်ခြမ်းတွင် လက်ရှိမျိုးဧက ၅၈၁၆၄ ဧက၊ အထွက်ကောင်းမျိုးသစ် ၃၆၈၃၆ ဧကနှင့် စုစုပေါင်းဧက ၉၅၀၀၀ ကိုလည်းကောင်း စိုက်ပျိုးနိုင်ရန်စီစဉ်ထားရာ ၂၀၀၃–၂၀၀၄ ခုနှစ်အတွက် လက်ရှိမျိုးဧက ၁၇၈၆၂၃ ဧက၊ အထွက်ကောင်းမျိုးသစ် ၄၁၇၉၂ဧက အပါအဝင် စုစုပေါင်း ၂၂၀၄၁၅ဧက ပြောင်းလဲစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄–၂၀၀၅ခုနှစ်တွင် ကြံသီးနှံအထွက်ကောင်းမျိုး ပြောင်းလဲစိုက်ပျိုးမည့် အစီအစဉ်အရ ပဲခူးအရှေ့ခြမ်း၌ လက်ရှိမျိုး ၁၄၈၄၂၂ဧကနှင့် အထွက်ကောင်းမျိုးသစ် ၆၆၇၈ ဧက အပါအဝင် ဧက ၁၅၅၁၀၀ ကိုလည်းကောင်း၊ ပဲခူးအနောက်ခြမ်း၌ လက်ရှိမျိုးဧက ၆၀၉၅၄ဧကနှင့် အထွက်ကောင်းမျိုးသစ် ၆၂၅၄၆ ဧကအပါအဝင် ဧကပေါင်း ၁၂၃၅၀၀ ကိုလည်းကောင်း ပြောင်းလဲစိုက်ပျိုးရန် စီစဉ်ထားရာ ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် လက်ရှိမျိုး ၂၀၉၃၇၆ ဧက၊ အထွက်ကောင်းမျိုးသစ် ၆၉၂၂၄ ဧက စုစုပေါင်းဧက ၂၇၈၆၀၀ကို ပြောင်းလဲစိုက်ပျိုးရန် စီစဉ်ထားသည်။

၂၀၀၅–၂၀၀၆ခုနှစ် ပဲခူးအရှေ့ခြမ်း၌ လက်ရှိမျိုး ၁၁၂၅၄၅ ဧကနှင့် အထွက်ကောင်းမျိုးသစ် ၄၂၅၅၅ ဧက အပါအဝင် စုစုပေါင်း ဧက ၁၅၅၁၀၀ကိုလည်းကောင်း၊ ပဲခူးအနောက်ခြမ်း၌ လက်ရှိမျိုးဧက ၂၅၁၀နှင့် အထွက်ကောင်းမျိုးသစ်ဧက ၁၂၀၉၉၀ ပါဝင်ပြီး စုစုပေါင်းဧက ၁၂၃၅၀၀ ပြောင်းလဲစိုက်ပျိုးရန် စီစဉ်ထားရာ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် လက်ရှိမျိုး ၁၁၅၀၅၅ ဧကနှင့် အထွက်ကောင်းမျိုးသစ် ၁၆၃၅၄၅ ဧက ပါဝင်ပြီး စုစုပေါင်း ဧက ၂၇၈၆၀၀ ပြောင်းလဲစိုက်ပျိုးရန် စီစဉ်ထားသည်။

ကြံသီးနှံစိုက်ပျိုးသူများသည် အခြားသီးနှံစိုက်ပျိုးသူများကဲ့သို့ သီးထပ်စိုက်ပျိုးနိုင်ခြင်း မရှိသောကြောင့် ကြံတစ်ရာသီသာ စိုက်ပျိုးနိုင်သဖြင့် ကြံစိုက်တောင်သူများ စီးပွားရေး တွက်ခြေကိုက်စေရန်အတွက် ကြံတစ်တန်လျှင် ယခင်က ကျပ် ၃၅၀၀ဈေးနှုန်းပေးနေခြင်းမှ တစ်တန်လျှင် ကျပ် ၆၀၀၀ ဈေးနှုန်းကို ယခုနှစ်မှ စတင်တိုးမြှင့်ပေးလျက်ရှိသည်။

ကြံစိုက်တောင်သူများသည် ကြံစိုက်ပျိုးရာတွင် ကြံရာသီ တစ်နှစ်ခန့်ကြာမှ သီးနှံပေါ်သောကြောင့် တောင်သူများစိတ်ဝင်စားမှုနည်းသွားခြင်း မရှိရအောင် မြန်မာ့ကြံလုပ်ငန်းအနေဖြင့် ကြံဈေးနှုန်းတိုးမြှင့်ပေးသည့်အပြင် ပံ့ပိုးမှုများအဖြစ် ကြံမဝယ်မီကပင် ကြံစရန်ပံ့ပိုးခြင်း၊ အထွက်ကောင်းမျိုးသန့်ဖြန့်ဖြူးခြင်း၊ ဓာတ်မြေဩဇာနှင့် ထွန်ယက်ခ ပံ့ပိုးခြင်းများစသည့် ပံ့ပိုးမှုများပြုလုပ်၍ သီးနှံပေါ်မှ ခုနှိမ်ခြင်းဖြင့် ကြံစိုက်ပျိုးမှု စိတ်ဓာတ်တက်ကြွစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

၎င်းအပြင် သီးနှံတစ်ဧက ထုတ်လုပ်မှု သတ်မှတ်သော လျာထားချက်အတိုင်း အပြည့်အဝရရှိရန်နှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရန်အတွက် ဧက ၄၀၀ လျှင် ပညာရှင်တစ်ယောက်နှုန်း ချထားပေးပြီး ကြီးကြပ်ဆောင်ရွက်ပေးသော အကူအညီများ ဆောင်ရွက်ပေးသည်။ ထွက်ရှိလာလျှင်လည်း တောင်သူများ ထွက်ရှိလာသောကြံများကို ကြံဌာနအနေဖြင့် သယ်ယူရေးကိုပါ တာဝန်ယူဆောင်ရွက်ထားသည်။

ပေါက်ခေါင်းမြို့နယ် အင်းငါးခွ သကြားစက်ဝင်းအတွင်း မြန်မာ့ကြံလုပ်ငန်း၏ မျိုးပွားခြံ၌ စိုက်ပျိုးထားသည့် ကြံစိုက်ခင်းကို တွေ့ရစဉ်။ မျိုးပွားခြံမှထွက်သော ကြံများကို ကြံတောင်သူများအား မျိုးပွားရောင်းချပေးသည်။

(ဓာတ်ပုံ–အောင်မိုး)

ထို့သို့ ကြံတောင်သူများအား ရင်းနှီးမတည် စိုက်ထုတ်ရမည့် မြေယာပြုပြင်စရိတ်များ၊ ဓာတ်မြေဩဇာ အတွက် ရင်းနှီးရမည့်စရိတ်များ၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ပံ့ပိုးပေးခြင်းကြောင့် တောင်သူများကလည်း အကျိုးရှိပြီး ထွက်လာသမျှ ကြံသီးနှံကို ကြံလုပ်ငန်းအနေဖြင့် နိုင်ငံတော်သတ်မှတ်ဈေးနှုန်းဖြင့် လွယ်လင့်တကူ ရောင်းချနိုင်အောင် သယ်ယူရေးအပိုင်းများပါ လုပ်ပေးထားသည်။

လက်ရှိ တစ်ဧကေ တန် ၃၀ အထက် ထွက်ရှိအောင် အခင်းသစ်စိုက်ပျိုးသော ကြံတောင်သူများအနေဖြင့် မိမိလုပ်အားအပါအဝင် ကြံတစ်ဧကေ ကုန်ကျစရိတ် တစ်သိန်းခန့် ခန့်မှန်း၍ တန် ၃၀ ထွက်လျှင် လက်ရှိ ကြံဈေးနှုန်း ခြောက်ထောင်ဈေးနှင့်တွက်ပါက ကျပ်တစ်သိန်းရှစ်သောင်း ရနိုင်သည်။ ထို့ကြောင့် ပထမနှစ်တွင် ကျပ်ရှစ်သောင်းခန့်ရရှိနိုင်၍ ဒုတိယနှစ်တွင် လမိုင်းပြုပြင်ထိန်းသိမ်းစရိတ်သည် များများမရှိတော့သောကြောင့် ကျပ်လေးသောင်းနှင့် ငါးသောင်းကျန်နိုင်သည်။ အကယ်၍ တန် ၃၀ အထိထွက်အောင် ပြုစုနိုင်လျှင် ဒုတိယနှစ်တွင် ကုန်ကျစရိတ် နည်းပြီး အမြတ်မှာ တစ်သိန်းကျော် ကျန်နိုင်ကြောင်း သိရသည်။

ကြံသီးနှံသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးနိုင်သည့် အဓိကအားထားနိုင်သော သီးနှံဖြစ်သည်။ တိုင်းပြည်၏ ရေ၊ မြေနှင့် သဘာဝမိုးလေဝသအခြေအနေကို ပြန်ကြည့်လျှင် အေးလွန်းသော ရေခဲတောင်ဒေသ၊ အလွန်သဲကျောက်စရစ်ဆန်သောဒေသ၊ မိုးရေချိန် ၂၀၀ ကျော်နှင့် ၃၀၀ ကျော်ရွာ၍ အနိမ့်ပိုင်းကျသော ဒေသမျိုးကလွဲလျှင် မြန်မာတစ်နိုင်ငံလုံးတွင်ရှိ ဒေသအားလုံးနီးပါးလောက် ကြံစိုက်ပျိုးနိုင်သော အနေအထားတွင်ရှိသည်။ ကြံသီးနှံသည် မြန်မာနိုင်ငံ၌ ပျမ်းမျှ တစ်ဧကေ တန် ၂၀ ခန့်ထွက်သည့် အလျောက် ကြံတန် ၂၀ကို သကြားကြိတ်လျှင် သကြားနှစ်တန်ရနိုင်သည်။

ကမ္ဘာ့ လက်ရှိဈေးနှုန်းအရ သကြားတစ်တန်လျှင် ဒေါ်လာ ၂၀၀၊ ၂၅၀ ခန့်ရှိရာ တစ်ဧကေအပေါ်၌ ဒေါ်လာ ၄၀၀၊ ၅၀၀ခန့် ရှာပေးနိုင်သော သီးနှံဖြစ်သည်။နိုင်ငံတော်တွင် ကြံစိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေ၊ သဘာဝ ရာသီဥတုတို့ရှိပြီး ကြံထွက်၊ သကြားထွက်ကောင်းသည့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးနိုင်ပြီဖြစ်သည့်အပြင် ကြံတောင်သူများအနေနှင့် ကြံအထွက်တိုး စိုက်ပျိုးသောနည်းစနစ်များ၊ အလေအလွင့်ထိန်းသိမ်းမှု နည်းစနစ်များ အလေ့အကျင့်ရလာပြီဆိုလျှင် နိုင်ငံခြားငွေတိုးတက်ရှာဖွေပေးနိုင်မည် ဖြစ်သည်။

ကြံသီးနှံသည် အကြမ်းခံသောသီးနှံဖြစ်ပြီး ရာသီဥတု မည်မျှပင်ဆိုးဆိုး၊ ပြုစုစောင့်ရှောက်မှု မည်မျှပင်ညံ့ညံ့ အထွက်နှုန်း ထိုက်သင့်သလောက်ရနိုင်သောကြောင့် အကျိုးကျေးဇူးများစွာ ရှိသည့်သီးနှံဖြစ်သည်။ တောင်သူများ ဝင်ငွေတိုးပြီး နိုင်ငံတော်အတွက်လည်း အကျိုးရှိသော သီးနှံဖြစ်ကြောင်း ရေးသားဖော်ပြရပါသည်။ ။ (ကြေးမုံ)

သကြားစက်သို့ဝင်လာသော ကြံလှည်းများ၊ ကားများပေါ်မှ ကြံများကို ဝန်ချီစက်ဖြင့် သယ်ချနေစဉ်။

(ဓာတ်ပုံ–အောင်မိုး)



အတွေးသစ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံကူး လက်မှတ်လျှောက်ထားခွင့်ရသူများ စာရင်းအပါအဝင် ဆရာဆောင်းဝင်းလတ်၏ "လေထဲက အလင်းရှင်" မျက်နှာဖုံးဆောင်းပါး၊ မထေရ်မြတ်တို့စကားဝိုင်း(ဓမ္မဘေရီ–အရှင်ဝီရိယ၊ တောင်စွန်း)၊ ထက်ခေါင်၊ ဒေါက်တာခင်မောင်ညို၊ ချစ်နိုင်(စိတ်ပညာ)၊ စည်သူအောင်၊ လင်း(ဆေး–၁)၊ စိုးမြိုင်၊ စိုးလှိုင်မြင့်၊ ဦးလှမြင့်(မားကက်တင်း)၊ သန်းထွန်း(စကု)၊ ခင်ဆွေဦး၊ ခင်စောတင့်တို့၏ စာများ၊ စာရေးဆရာ–ကဗျာဆရာ ဘယ်လိုဖြစ်လာသလဲ (နောင်ဝင်းထွန်း)နှင့် အင်တာနက် သတင်းများပါဝင်သည့် အတွေးသစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၆၆)ကို ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)** (က–ပ)

မြန်မာ့အာမခံလုပ်ငန်း သထုံခရိုင်ရုံးသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း သထုံခရိုင်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂ရက် နံနက် ၉နာရီတွင် အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သိန်းလွင်နှင့် သထုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်တို့ကခရိုင်ရုံးနှစ်ထပ် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အဆောက်အအုံသစ် ဆောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ယာဉ်မောင်းနှင့် စက်ပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၆

ဦးနှင်းဦး(ထားဝယ်)နှင့် ဦးထိန်နန်းမြင့်တို့ဦးစီးသော ထိပ်တန်းနှင့်ရွှေကုက္ကိုအခြေခံစက်ပြင်နှင့်ယာဉ်မောင်းသင်တန်းကို အတွေ့အကြုံရှိသူ ဆရာများနှင့် ဖွင့်လှစ်လျက်ရှိရာ ခေတ်မီမော်တော်ယာဉ်များဖြင့် ယာဉ်မောင်းနှင်နည်းကို စနစ်တကျကျွမ်းကျင်စွာ မောင်းနှင် နိုင်သည်အထိ တာဝန်ယူသင်ကြားပေးပြီး ဆီပျောက်၊ မီးပျောက် အပါအဝင် အခြေခံစက်ပြုပြင် အတတ်ကိုပါ ပို့ချပေးမည်ဖြစ်သည်။ ထို့အပြင် ပုံမှန်တစ်လ သင်တန်းနှင့်အချိန် မရရှိသူများအတွက် အမြန်သင်တန်းများလည်း စီစဉ်ထားရှိသည်။ စိတ်ဝင်စားသူများသိမ်ဖြူ ကားမောင်းသင်တန်းကွင်း၊ ဦးအောင်မြတ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း–၇၂၂၈၀၂နှင့် ၅၄၁၈၆၆တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

မင်္ဂလာတောင်ညွန့်မြို့နယ်အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း ၂၀၀၃–၂၀၀၄ခုနှစ် မိဘဆရာ ကျောင်းသားစုံညီပွဲနှင့် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ သချာ်ထူးချွန်ဆု ရရှိသူ မောင်သန့်ဇင်ထွန်းအား ကျောင်းအုပ်ဆရာကြီးက ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အချစ်ဆုံးသားသား

မောင်သက်ခန့်ဦး(ခ)မောင်ဝေယံလှရွှေး

စတုတ္ထတန်း (A)T.T.C **(ကမာရွတ်)**

Primary III (B) I.L.B.C (S/S) **အတွက်**

(၁၀)နှစ်မြောက်မွေးနေ့ဆုတောင်း

၅–၁–၂၀၀၄နေ့တွင် ကျရောက်ခဲ့သော (၁၀)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ် (၁၂၀)တိုင်ထူးချွန်ထက်မြက်သော ပညာကို ဆုံးခန်းတိုင်အောင် သင်ယူပြီး တိုင်းကျိုး ပြည်ကျိုးကိုဆောင်ရွက်၊ မိဘကိုရိုသေ စောင့်ရှောက်သော သားကောင်းသားမြတ် တစ်ယောက်ဖြစ်စေရန်နှင့် ပျော်ရွှင်ချမ်းမြေ့သောဘဝများကို ထာဝရပိုင်ဆိုင်မှုများရရှိစေရန် ဆုတောင်းပေးလိုက်ပါတယ်။

ဖေဖေ ဦးလှရွှေး – **(M.D) Htay Family Co., Ltd.**
(M.D) Triple ˚Elephant Co., Ltd.

မေမေဒေါ်ယဉ်ယဉ်လှ – **˚(Director) Htay Family Co.,Ltd.**
˚˚˚(Director) Triple Elephant Co.,Ltd.

အကောက်ခွန်နေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

အကောက်ခွန်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အကောက်ခွန် ဝန်ထမ်းများ၏ (၁၂)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်–၅၀၀)၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်း သွားရောက်ပြီး အကောက်ခွန်ဝန်ထမ်း ၃၀ တို့၏ သွေးလှူဒါန်းမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းက အကောက်ခွန်ဦးစီးဌာန၏ အလှူငွေကျပ်တစ်သိန်းတန်ဖိုးရှိ သွေးပိုက်၊ သွေးပုလင်းနှင့် သွေးဆက်စပ်ပစ္စည်းတို့ကို ပေးအပ်လှူဒါန်းရာ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်–၅၀၀) တပ်မှူးကိုယ်စား အထွေထွေရောဂါများကုသမှု ဌာနကြီးမှူး ဗိုလ်မှူးကြီး ရဲသွေးက လက်ခံသည်။ (သတင်းစဉ်)



ဒီဇယ်အင်ဂျင် စာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ ပြည်လမ်း ၅၃၃(အေ) ဦးထွန်းထွန်းဦး (နှင်းဦးလွင်စာပေ)က ထုတ်ဝေ၍ ရန်ကုန်သဃ်္ဃန်းကျွန်းမြို့နယ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အနီး၊ သံသုမာလမ်း ၂၅၁(ခ) မိုးမြင့်ကြယ်စာပေက ဖြန့်ချိသည့် ဦးအုန်းမြင့်(ဒီဇယ်) စက်မှုအင်ဂျင်နီယာ(စွမ်းအား)ရေးသားပြုစုသည့် ဒီဇယ်အင်ဂျင်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)** (က–ပ)



မင်္ဂလာဧည့်ခံပွဲ ကျေးဇူးလွှာ

ရန်ကုန်မြို့နေ ဦးကျော်ဝင်း–ဒေါ်ခင်အေးမြင့်တို့၏သား၊

မောင်ဇေယျာဝင်း B.Sc. (Geology), DMA II

(Marketing Manager) TOYO BATTERY

ပြည်မြို့နေ ဦးမြင့်သိန်း–(ဒေါ်လွင်လွင်နိုင်)တို့၏သမီး

မနွေးနွေးမြင့် B.Eco.(Eco)

The Myamnar Times

တို့၏၄–၁–၂၀၀၄ရက်နေ့ CentralHotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲသို့ မေတ္တာဖြင့် တက်ရောက်ချီးမြှင့်သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သိန်းဆွေနှင့် ဇနီးဒေါ်ခင်ထွေးမော်၊ မင်္ဂလာလက်ဖွဲ့ပေးပို့သော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နွယ်၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့်ဇနီး ဒေါ်ဥမ္မာဟိန်း၊ မင်္ဂလာပန်းကုံး ချီးမြှင့်ပေးသော အင်ဂျင်နီယာမှူးကြီး (ငြိမ်း)ဦးဝင်းမောင်နှင့် ဇနီးဒေါ်သန်းနွဲ့၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော မြန်မာတိုင်းမ်မှ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးဆန်နီဆွေနှင့် ဇနီး ဒေါ်ယမင်းထင်အောင်၊ အခမ်းအနားသို့ လူကိုယ်တိုင်တက်ရောက်ချီး မြှင့်ကြသော မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် ဒေါ် ယဉ်ယဉ်မြိုင်၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျည်ထွဏ်း(ငြိမ်း)နှင့် ဦးလေးများ၊ ဆွေမျိုးမိတ်ဆွေများ၊ မိတ်ကပ်အလှပြင်ပေးသော မိတ်ကပ်အောင်အောင်၊မေတ္တာဖြင့်မင်္ဂလာ ဝတ်စုံချုပ်ပေးသော မမဉ္ဇူ၊ ပန်းအလှပြင်ပေးသော ကိုကိုကြီးနှင့်ညီများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော မဖြိုးဇာသွင်နှင့် မိတ်ဆွေအပေါင်းအား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

မောင်ဇေယျာဝင်း–မနွေးနွေးမြင့်။

ကွန်ပျူတာပျက်လျှင် ဖုန်းဆက်လိုက်ပါ

Lap top, PC များလည်း ရရှိနိုင်ပါသည်။

ဖုန်း–၂၂၅၆၄၉၊၀၉–၅၀၀–၇၆၆၅။

စိန်မြား

ခန်းဆီးနှင့် လိုက်ကာ

၁၃၉၊ ဗားကရာလမ်း၊

စမ်းချောင်း၊ဖုန်း–၅၃၉၉၉၈။

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲ

ပျော်ဘွယ် ဇန်နဝါရီ ၄

ပျော်ဘွယ်မြို့နယ် သဖန်းချောင်းရွာ တိုက်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ သူရိယမဟာထေရ်၏ သက်တော်(၈၁)နှစ်ပြည့် အထိမ်းအမှတ် တရားစခန်းပွဲကို ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်မှ ၁၀ ရက်ထိ ရန်ကုန်မြို့ ဇွဲစုံသာသနာရာမ ကျောင်းတိုက်ကြီးမှ သာသနာပြုနယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝိစိတ္တက မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်သင်တန်းနှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က–ပ)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ကျောက်ချောလမ်းသစ် ဖွင့်

ကျုံပျော် ဇန်နဝါရီ ၅

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ကျုံပျော်မြို့ ရွှေနံ့သာ–ဇနုံးကွင်းကျေးလက် ကျောက်ချောလမ်း အပိုင်း(၂) လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါ လမ်းမင်္ဂလာမုခ်ဦးရှေ့တွင် ကျင်းပရာ ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်သည်။ **(ဓါတ်ပုံ)**

၎င်းကျောက်ချောလမ်းသည် အရှည် ပေ ၂၄၀၀ ရှိပြီး စုစုပေါင်းကုန်ကျငွေကျပ် ၂၃၅၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (မြို့နယ်စည်ပင်)

အမှာစကား ပြောကြား

ညောင်တုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မျိုးဆက်ပွားကျန်းမာရေးပညာပေး ဆင့်ပွားသင်တန်းဆင်းပွဲကို အထက(၁)တွင် ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရှုတီက သင်တန်းဆင်း အမှာစကား ပြောကြားစဉ်။ (၁၆၁)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြု လမ်းသစ်ဖွင့်ပွဲများ ကျင်းပ

မှော်ဘီ ဇန်နဝါရီ ၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မှော်ဘီမြို့ ရွာမအနောက်ပိုင်းလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က အမှာစကားပြောကြားပြီး မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်က ဂဝံလမ်းသစ် ခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂဝံလမ်းသစ်ကို မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်အောင်၊ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်၊ အမှတ်(၁)ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဖွင့်လှစ်သော ရွာမအနောက်ပိုင်း ဂဝံလမ်းသစ်သည် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေဖြစ်ပြီး မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ် ၁၀၅၅၀၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သောလမ်းဖြစ်သည်။

ဖွင့်လှစ်ပေး

ထို့အတူ ဖလုံ–စပါးကိုင်း ဂဝံလမ်းသစ်ကို တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖလုံ–စပါးကိုင်း ဂဝံလမ်းသည် အရှည် ပေ ၁၃၂၀၊ အကျယ် ၁၂ ပေဖြစ်ပြီး တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၁၂ ဒသမ ၅ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောလမ်းဖြစ်ပြီး စပါးကိုင်း၊ သာယာကုန်း၊ လက်ပံကုန်း၊ ကြခင်းစု၊ သရက်တော၊ ပိန်းအင်း ကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာသည် ရန်ကုန်–ပြည်လမ်းမှတစ်ဆင့် မြို့ရွာများဆီသို့ လွယ်ကူစွာ သွားရောက်နိုင်ကြမည်ဖြစ်သည်။ (မြို့နယ်စည်ပင်)



ကျေးရွာချင်းဆက် ဂဝံလမ်းဖောက်လုပ်မှု စစ်ဆေး

သန်လျင် ဒီဇင်ဘာ ၃၁

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်လျက်ရှိသော သန်လျင်မြို့ပေါ်နှင့် အုတ်ဖိုစု–ငပကျေးရွာချင်းဆက် ဂဝံလမ်းအရှည် ၂၂၇၃ ပေ၊ အကျယ် ၁၂ ပေ ခင်းကျင်းနေမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးကိုကိုလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးထွန်း၊ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးခိုင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်ထွန်းတို့က ကွင်းဆင်းစစ်ဆေးကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့သည်။ **(ဓါတ်ပုံ)** (မြို့နည်/စည်ပင်)

ကျေးဇူးဆပ်ပါမည်

ကျွန်မ နန်းလောဝ်မိုင်း နိုင်ငံကူးလက်မှတ် No-329615 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၇၀၀၂၈၀။

☎ 700767

စားကြမယ် ဟော့ ကောင်းကောင်း

ကိုယ်တိုင်ကြိုက်မဆလာနှင့် ရှော့ထိမှုန်း ... (ဖုန်း–၂၄၉၅၁၈–၂၄၉၅၁၉–၂၅၃၁၁)

တိုက်ခန်းညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည် (ပွဲစားမလို)

ကျောက်မြောင်း၊ မြို့သစ်(၃)လမ်း၊ 14'x60' ၊ အခန်းဖွဲ့၊ ရေ၊ မီး၊ ၃၊၄လွှာ။

စမ်းချောင်း၊ မင်းဦးလမ်း၊ 13'x55'၊ ရေ၊ မီး၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ Hall Type (၃)လွှာ၊ ဖုန်း–၂၁၂၂၀၈၊ ၂၄၆၁၉၈။

ရွှေသတင်

☎ ၂၁၁၆၂

Ph . 01-240966-562

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မြန်မာနိုင်ငံကူးလက်မှတ် ၁၅၂၄၁၆မှာ ကမာရွတ်မြို့နယ်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါ။ **မောင်ဇော်မိုး**

ဖုန်း–၇၀၇၇၃၆။

သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁။	ဦးသန်းတင်	၁၂/ဗဟန(နိုင်)၀၃၂၆၁၁	အမှတ်(၁၁)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်း	ဗဟန်း	၃၅အီး	၅၆အေ/အေ	ဒေါ်ခင်သန်းတင်(ခ)ဒေါ်သန်းတင်	မြေပုံကူး
၂။	ဒေါ်ခင်ထားဆွေ	၁၃/လခန(နိုင်)၀၅၁၂၉၉	၂၃၁/၇-ဗိုလ်ဇင်ယော်လမ်း၊ ၃၀၊ ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၀	၂၃၁/၇	ဒေါ်နိုင်နိုင်ဦး	အမည်ပြောင်း
၃။	ဒေါ်ရွှေချင်	၉/မကန(နိုင်)၀၂၆၂၁၇	၉၃၊ ရွှေတိဂုံလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်း	ဗဟန်း	၅၁	၁၆အေ/၁-၃	ဦးမိုးညွန့်	အမည်ပြောင်း
၄။	ဦးမြင့်ထွဋ်	၁၂/ဒဂမ(နိုင်)၀၀၈၂၇၁	အမှတ်-၁၀၄၄၊ ၄၅ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၅	၁၀၄၄	ဦးမြင့်ထွဋ်	ဂရန်မိတ္တူ
၅။	ဒေါ်ခင်အုန်းမြင့်+၂	၁၂/ဥကတ(နိုင်)၁၀၁၆၅၃	၁၃၇/၂၊ ဇင်ယော်လမ်း၊ ၁၄/၂ရပ်ကွက်၊ တောင်ဥက္ကလာပ	တ/ဥက္ကလာပ	၁၄/၂	၁၃၇/၂	ဒေါ်အုန်းလှ	မြေပုံကူး
၆။	ဦးခင်မောင်လတ်	၁၂/ပဘတ(နိုင်)၀၂၀၇၁၆	အမှတ်၊ ၁၉၁/၁၉၃၊ လမ်း၄၀၊ ကျောက်တံတား	ကျောက်တံတား	13F.2	V 67,68,69	A.R.Nizami	ဂရန်မိတ္တူ
၇။	ဦးခင်မောင်လတ်	၁၂/ပဘတ(နိုင်)၀၂၀၇၁၆	အမှတ်၊ ၁၉၁/၁၉၃၊ လမ်း၄၀၊ ကျောက်တံတား	ကျောက်တံတား	13F.2	V 67,68,69	A.R.Nizami	အမည်ပြောင်း
၈။	ဦးဝင်းမြင့်အောင်	၁၂/သကတ(နိုင်)၀၃၇၀၆၁	(၁၁၀)၊ ဘဏ္ဍာလမ်း၊ ဒိမ်ယာဝန်း၊ ၁၀/တောင်၊ သာကေတ	သာကေတ	၁၀/တောင်	၁၁၀	ဦးအေးသန်း	အမည်ပြောင်း
၉။	ဒေါ်အေးမြင့်	၁၂/အလန(နိုင်)၀၁၂၅၃၅	၂၂၊ စယယ်လမ်း၊ အလုံ	အလုံ	၂၃M	၁၄၄	မောင်ထွန်းအောင်	အမည်ပြောင်း
၁၀။	ဦးလေးထော်	၁၂/သကန(နိုင်)၀၃၆၉၇၄	အမှတ်(၃၂၄)၊ စိန်ပန်းမြိုင်လမ်း၊ ၁၇ ရပ်ကွက်၊ ဒဂုံတောင်	ဒဂုံ(ဆိပ်ကမ်း)	၈၂	၄၂၇	ဦးလေးထော်	ဂရန်သစ်
၁၁။	ဦးထွန်းကျော်(G.P)ဒေါ်မြမြမိုး	၁၂/ဗဟန(နိုင်)၀၅၂၁၇၁	၄၅၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်း	ဗဟန်း	၃၅ အီး	၄၅အီး/၁၁ဒီ	မောင်ဘကြွယ်	အမည်ပြောင်း
၁၂။	ဦးခင်ဇော်	၁၂/ဗဟန(နိုင်)၀၇၄၆၆၂	အမှတ် (၄၅)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်း	ဗဟန်း	၃၅E	၄၅အီး/ ၁၁စီ	မောင်ဘကြွယ်	အမည်ပြောင်း
၁၃။	မစီစီသန်း(ခ)မရင်ရင်သန်း	၉/မနမ(ဧည့်)၀၀၀၀၁၁၃	အမှတ်(၂၁၅)၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၁၆/၂	၂၁၅	ဒေါ်ညိုအေး(ခ)ဒေါ်ယဉ်ယဉ်ထွေး	မြေပုံကူး
၁၄။	ဦးကျော်ဇင်	၁၂/စခန(နိုင်)၀၄၃၅၀၂	အမှတ် (၅၀စီ)၊ ကမ္ဘာအေးဘုရားလမ်း	မရမ်းကုန်း	၅၀ သမိုင်း	၃/စ	ဒေါ်ခင်နု	အမည်ပြောင်း
၁၅။	ဒေါ်မေမီဦး	၁၂/ကတတ(နိုင်)၀၂၄၄၂၃	၁၉၃၊ အောင်တံခွန်(၄)လမ်း၊ ၂၉ ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၂၉	၁၉၃	ဦးသန်းလှ	အမည်ပြောင်း
၁၆။	ဦးဝင်းသိန်း + ၁	၁၂/ဥကတ(နိုင်)၀၈၅၀၂၂	အမှတ် (၃၅၅)၊ ၃၂ ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၂	၃၅၅	ဦးအောင်ညွန့် (ခ) ဦးညို	ဂရန်သစ်
၁၇။	ဒုတိယဗိုလ်မှူးကြီးကြည်သိန်း	၇/ရတန(နိုင်)၀၀၄၈၂၂	ဝါတိုးရပ်၊ ရမည်းသင်းမြို့နယ်	တ/ဥက္ကလာပ	၁၁	၄၃၂(ခ)	ဦးမြင့်စိန်	အမည်ပြောင်း
၁၈။	ဒေါ်ခင်ဝီ	CF - ၀၆၁၄၂၁	၁၀၃၇/က၊ အောင်သပြေ(၃)လမ်း၊ သာကေတမြို့နယ်	သာကေတ	၇	၁၀၃၇(က)	ဦးခင်မောင်	မြေပုံကူး
၁၉။	ဒေါ်သီတာစိန်	၁၂/သဃက(နိုင်)၀၁၃၅၆၈	၁၇၄၊ ကျွန်းချောင်းလမ်း၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၂၃ သုဝဏ္ဏ	၁၄၀	ဦးချစ်စိန်	အမည်ပြောင်း
၂၀။	ဦးအောင်ဇော်ဝင်း	၁၂/ပဘတ(နိုင်)၀၂၉၉၅၁	အမှတ်၊ ၆၂/၆၄၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း	ပန်းဘဲတန်း	15D[1]	S½of N.Porof II 2	Haji Shakoor Ismail Ayoob Chootani+11	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးဟိန်းသူရိန်စိုးစံ [၁၄/မအန(နိုင်)၁၁၂၅၀၁]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၄/၃)ရှိ မြန်မာချမ်းဝကုမ္ပဏီလီမိတက်ပိုင် ငွေကြေးနှင့်စာရွက်စာတမ်း တံဆိပ်တုံး၊ ကိစ္စရပ်များကို ရက်သတ္တ(၁)ပတ်အတွင်း လာရောက်ဖြေရှင်းပါရန် ပျက်ကွက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာချမ်းဝ ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမျိုးမော်
B.Sc,H.G.P,Dip in B.L
(အထက်တန်းရှေ့နေ)
အမှတ်(၁၁၀)၊အခန်း(၃)၊
ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်း။
Ph: 651512, 652040, 726390

(၃၆)ကြိမ်မြောက် အလောင်းတော်ကဿပ ဖူးမြော်ရန်

အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့မှ ဦးဆောင်၍ (၁၃၆၅)ခုတပို့တွဲလဆန်း(၁၄)ရက်နေ့ (၄-၂-၂၀၀၄) ဖိုလ်ဝင်တောင်မှ ထွက်ပါမည်။ လိုက်ပါလိုကြသော ပါရမီရှင်များသည် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ပုပ္ပားကျောင်းသို့ လဆန်း(၁၂)ရက်နေ့ (၂-၂-၂၀၀၄)အရောက် လာကြပါရန်။

*ဦးသုမန၊ ပုပ္ပားကျောင်း၊ ဖိုလ်ဝင်တောင်၊ မုံရွာတစ်ဖက်ကမ်း၊ ဖုန်း(၀၂)၆၇၇၄၂

*ဦးတိက္ခသိဒ္ဓိ၊ ဘိုးဘွားရိပ်သာကျောင်း၊ တောင်ကြီးမြို့၊ ဖုန်း (၀၈၁)၂၂၃၈၉

*ဖိုလ်ဝင်တောင်မှ အလောင်းတော်သို့ အသွားအပြန် (၃)ရက်ကြာမည်။

ရန်ကုန်မှ(၁-၂-၂၀၀၄)ညနေ (၅)နာရီရထားဖြင့် ထွက်ပါမည်။ (၂၃-၁-၂၀၀၄)နေ့ နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန်။

ဆက်သွယ်ရန်(ရန်ကုန်)

*ကိုမောင်မောင်ဌေး၊ အမှတ်(၈၂၁)၊ မဟာဗန္ဓုလလမ်းနှင့်(၁၀)လမ်းထိပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၀၂၄။

*ဒေါ်ကြင်စွမ်၊ အမှတ်(၆၉)၊ (၁၇)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၄၅၂။

ဆက်သွယ်ရန် (မန္တလေး)

*ဦးဇောတိက၊ ဒိုက်ဦးကျောင်း၊ မိုးကောင်းတိုက်၊ မန္တလေး၊ ဖုန်း-၀၂-၂၄၉၇၆

*ဦးဇဝန၊ ထီးချိုင့်ကသာကျောင်း၊ ငွေးချိုတိုက်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၂၆၉၄

*ဦးထေရာဝံသ၊ ဘုရင်အုတ်ကျောင်း၊ ငွေးချိုတိုက်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၀၅၈၇။

Albertians Gathering

ပြင်ဦးလွင်မြို့ စိန့်အဲ(လ်)ဘတ် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ပြင်ဦးလွင်မြို့၊ စိန့်အဲ(လ်)ဘတ် ကျောင်းသားဟောင်းများ၏ မိတ်ဆုံစားပွဲကို ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့ စနေနေ့တွင် အောက်ပါအစီအစဉ်တိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

မိတ်ဆုံစားပွဲအချိန် -ညနေ (၆:၃၀)နာရီ

နေရာ -စိတ်တိုင်းကျစားတော်ဆက်၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ကျင်းပရေးကော်မတီ။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ဝင်းမောင်** [၁၂/အစန(နိုင်)၁၈၄၅၁၄]နှင့် ကျွန်မ **မနွဲ့မူဝင်း** [၁၂/မရက(နိုင်)၁၃၅၄၉၈]တို့သည် ၅-၁-၂၀၀၄နေ့တွင် ကမာရွတ်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဝင်းမောင်-မနွဲ့မူဝင်း။

Secretary (office secretary)

Personal Manager

Office Staff

Export/Import & Clearing

Marketing Manager

Marketing

Sale Person

Chemist

Store controller

Mechanical Engineer

Electrical Engineer

Machine Fitter

Lathe Machine

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့ -မွန်ပြည်နယ်
ရွှေဆိုင်းတင်သွင်းရန်ကြော်ငြာခြင်း

၁။ ၂၀၀၄ခုနှစ်၊ မတ်လ(၅)ရက်၊ ၁၃၆၅ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ကျင်းပပြုလုပ်မည့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး တည်ထားရာ ကျောက်လုံးတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် (၂လက်မ)ပတ်လည် ရွှေဆိုင်းများ ဝယ်ယူမည်ဖြစ်ပါသည်။ ရွှေဆိုင်းပေးသွင်းလိုသူများသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် ၁၀-၁-၂၀၀၄ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံး၊ ကင်ပွန်းစခန်းသို့ လျှောက်ထားနိုင်ပါသည်။

(က) စက်မှုလက်မှုလုပ်ငန်းလိုင်စင်မိတ္တူ

(ခ) လုပ်ငန်းမှတ်ပုံတင်မိတ္တူ

(ဂ) ရွှေဆိုင်းလုပ်ငန်း အမြတ်ခွန်ပြေစာသုံးနှစ်စာမိတ္တူ (၂၀၀၀-၂၀၀၁)မှ (၂၀၀၂-၂၀၀၃)

(ဃ) ရွှေဆိုင်းနမူနာ (၁၀)ရွက်ဆိုင်း(တစ်)ဆိုင်း

၂။ လျှောက်လွှာတင်သွင်းထားသည့် လုပ်ငန်းရှင်များသည် ၁၁-၁-၂၀၀၄ရက်နေ့ နံနက်(၁၀)နာရီတွင် ဂေါပကအဖွဲ့ရုံး၊ ကင်ပွန်းစခန်းသို့ လာရောက်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊
ကျိုက်ထီးရိုးစေတီတော်။

မောင်လှမျိုး

၂၀၀၄ခုနှစ် တစ်နှစ်တာသင့်ကံကြမ္မာ

Hardware Course (A+)
Graphic Design Course
Visual Basic Course

G.Link Computer

Office XP, DTP, Access, Special Effects
ACCPAC, AutoCAD, C++, JAVA

●ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် Graphic Design များကိုပြုလုပ်နိုင်ရန် စာတွေ့နှင့်လက်တွေ့ အပြင် လုပ်ငန်းခွင် အတွေ့အကြုံများပါ ပေါင်းစပ်ပြီး အခြေခံမှ၍ တစ်ဦးချင်း စနစ်တကျ သင်ကြားပေးပါသည်။

●သင်တန်းကြေးများကို အရစ်ကျ ပေးသွင်းနိုင်ပါသည်။

အမှတ် ၅၁၈၊ မြေညီထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတား။

Ph : 243 982, 240 622 Fax : 240 622

၂၅တန်ကျဆန်စက်ငှားရန်ရှိသည်
ရန်ကုန်တိုင်းအတွင်း

ဆက်သွယ်ရန်ဖုန်း-၅၄၀၈၈၂
၀၉ ၈၀-၂၂၄၄၇။

သမဝါယမဝန်ကြီးဌာန
သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းဝယ်ရေးအဖွဲ့

ရက်စွဲ ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂ရက်။

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကတည်ဆောက်လျက်ရှိသော မင်းဓမ္မလမ်းရှိ အထွေထွေသုံးစုဝေးခန်းမကြီးတွင် တပ်ဆင်အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	လေအေးပေးစက်စနစ်သုံးပစ္စည်းများ (Air-Conditioning and Ventilation Equipment)	3 Lot
၂။	တံခါးမှန်၊ ရောင်ပြန်မှန်၊ မှန်ကြည်နှင့်အလူမီနီယမ်ပြား (4'x4' Aluminium Cladding)	၄ မျိုး
၃။	ရေနှင့်သန့်ရှင်းမှုဆိုင်ရာသန့်စင်ခန်းသုံးပစ္စည်းများ	၅ မျိုး

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၁-၁-၂၀၀၄ရက်နေ့ (၁၆:၀၀)နာရီအချိန်တွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသဖြင့် ပစ္စည်းပေးသွင်းရန် စိတ်ပါဝင်စားသူများအနေဖြင့် ဈေးနှုန်းတင်သွင်းလွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုနှင့် ဆက်သွယ်ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုသော အချက်အလက်များရှိပါက ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ၊ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

Junior Management & Office Staff Training

- (Office Management)
- (MS Word, MS Excel)
- (LCCI)
- (EFB)
- (ACCPAC Plus)
- (GCE)
- Fax, E-mail

MCC

ချောင်းဆိုးခြင်းအမျိုးမျိုးအတွက်...

ဖဲန်နဲလ်®

ချောင်းဆိုးပျောက်ဆေး

0306 Y 06610

Yangon (Office) : 242970,246354, 371249, E-mail : etd@mptmail.net.mm

Air-con Bar, Restaurant & Hotel
No.274, Pansodan St.(Upper Block), Ph:378547, 381327

ZN SATELLITE GROUP.
Tel: 727848

☎01-375822

Yan Aung

ဝမ်းမြောက်ဂုဏ်ပြုခြင်း

နိုင်ငံတော်မှ **သုခမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသော **ဆရာဦးဘိုကြီး (ရှပ်ဖို့ တိုင်းရင်းဆေး)** ရွှေဘိုမြို့ (ဇဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း) အား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် လုပ်ငန်းများ တိုးတက်အောင်မြင်၍ အခွန့်ရှည်တည်တံ့စွာ ကုသိုလ်ရေးလုပ်ငန်းများကို ဆက်လက်ပံ့ပိုးလုပ်ဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

* ဦးမောင်မောင်ဦး — မန်နေဂျင်းဒါရိုက်တာ (ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
* ဦးကြည်စိုး — မန်နေဂျင်းဒါရိုက်တာ (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
* ဦးထွန်းရွှေ — မန်နေဂျင်းဒါရိုက်တာ (ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
* ဦးကျော်ကျော်ဌေး — မန်နေဂျင်းဒါရိုက်တာ (မှန်ချိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
* ဒေါ်လေးမြင့် — မန်နေဂျင်းဒါရိုက်တာ (ဦးသာရင်ဆေးတိုက်)
* ဦးခင်မောင်ထွန်း — မန်နေဂျင်းဒါရိုက်တာ (ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

ဝမ်းမြောက်ဂုဏ်ယူကြောင်း

မြန်မာ့ရုပ်ရှင်သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မရှေးဖူးသေးသော **အကယ်ဒမီရွှေစင်ရုပ်ဆု ခုနစ်ဆု**ကို နှစ်(၅၀)မြောက်ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့်ပွဲကြီး၌ **ကြယ်တံခွန်ရုပ်ရှင်ထုတ်လုပ်ရေး၏** ပွဲဦးထွက်ဇာတ်ကားဖြစ်သော **"ငါသူတစ်ပါး ယောက်ျား မိန်းမ"** ဇာတ်ကားကြီးဖြင့် ထွက်ခူးရရှိသည့် အတွက်လည်းကောင်း၊ **အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆု**ကိုခင်ဇာခြည်ကျော်ကထွက်ခူးရရှိသည့်အတွက် အထူး ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါကြောင်း။

ဘဘဦးအောင်ခိုင် (နှီးမြန်မာ ဗိုက်တယ်၊ မန္တလေး)

INFORMATICS

(၁) နိုင်ငံတကာအဆင့် Advanced Diploma (ADCS & SAD Diploma) သင်တန်းဖွင့်မည်
သင်တန်းဖွင့်ရက် -၇-၁-၂၀၀၄(ရန်ကုန်)
သင်တန်းကာလ - ၁နှစ်
Cambridge & NCC ... DCS သို့ IDCS ... Entry Test Exam ... ADCS ... Overseas University ... Final Year ...
(၂) နိုင်ငံတကာအဆင့် (DCS & IDCS) သင်တန်း
သင်တန်းဖွင့်ရက် - ၁၈-၁-၂၀၀၄(ရန်ကုန်)
၂၅-၁-၂၀၀၄
သင်တန်းကာလ - ၈ လ
... DCS ... Grade A ... ADCS ... Course Fees ... Scholarship ...
ဆက်သွယ်ရန်

Hepta digital art
Tel:(951) 579 580 09-99-21055

အကောင်းဆုံးနဲ့တွဲသော
TAPE / CD / VCD KARAOKE
BLAZE UP Video Production

El Dorado DIGITAL MEDIA
WEB PAGE DESIGN COURSE
12th / January / 2004. Mon. to Thurs.
macromedia FLASH
macromedia DREAMWEAVER
NEW COURSE
Macromedia Dreamweaver, Macromedia Flash, HTML, Adobe Photoshop 7, Adobe Image Ready, Front Page.
GRAPHIC DESIGN COURSE
12th / January / 2004. Mon. to Thurs.
Adobe Illustrator 10, Adobe Photoshop 7, Corel Draw, Bryce 5, Image Handling, Scanning & Printing.
Graphic & Multimedia ...
Classroom In a Book ... Multimedia ...
NO.157/169, C-2, 36th STREET, KYAUKTADA TSP., YANGON. PHONE: 381 217, 381 334.

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ ရင်သားအကျိတ်ဖြစ်သူများ
(ဤကြော်ငြာကိုဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း-၂၄၈၀၆၄
သမားတော်ကြီး ဝိဇ္ဇာ လိပ်ခေါင်း၊ ဂရင်ဂျီနာအထူးကု

အထူးသတိ-စအိုနှင့် စအိုဝန်းကျင်တွင်ဖြစ်သော အောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က **(စအိုပိတ်၍ စအိုကင်ဆာဖြစ်မည်၊ စအိုပိတ်က အသက်အန္တရာယ်ရှိသည်)** လိပ်ခေါင်းအတွင်းနှင့်အပြင်ထွက်၊ စအိုနာ ဝမ်းသွားခက်၊ စအိုဝတစ်ဆို့ ပူစပ် စအိုကျွံပြီး အပြင်စူထွက် ဝမ်းသွားမရ၊ စအိုအသားပိုထွက်၊ စအိုအဖုအသီး၊ ဂရင်ဂျီနာ သွေးပြည်ထွက်၊ စအိုနာ၊ စအိုကျဉ်း၊ စအိုပိတ်၊ စအိုကင်ဆာ**(မခွဲမဖြတ်မနာ-မပူမစပ်ပျောက်အောင်ကုသပေးမည်)** အမျိုးသမီးများ ရင်သားပေါ် အဖုအကျိတ်တွေ့က အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က**(အသက်အန္တရာယ်ရှိသည်။)** ဝါရင့်ဆရာမရှိသည်။**(ရင်သားအကျိတ်နှင့်အကျိတ်မျိုးစုံ မခွဲမဖြတ်ပျောက်အောင်ကုသပေးမည်။)** အရေပြားရောဂါ ခရသင်း၊ သမင်ဖြူ၊ နီ၊ ညို၊ မည်း၊ ယောကျ်ားကာလသားရောဂါ ပျောက်ကင်းအောင်ကုသပေးမည်။

ပင်မဝိဇ္ဇာ-အမှတ်၂၇၃၊ ရွှေဘုံသာအလယ်လမ်း၊ နေဇာဆေးခန်းအပေါ်ထပ်၊ ရန်ကုန်။ (တစ်နေကုန်ဖွင့်သည်)
ပင်မဝိဇ္ဇာ-အမှတ်၃၃၈၊ ရွှေဘုံသာအထက်လမ်း၊ အေးရိပ်သာနှင့်ကပ်လျက်၊ မာလင်မျက်မှန်ဆိုင်၊ ရန်ကုန်။

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၁၄/၇)နေ
သခင်ချစ်(ပဲခူးသနပ္ပင်)-ဒေါ်ချစ်မေ(ခ)ဒေါ်ခင်သန်းတို့၏မြေးဦး၊
ဦးတင်ရှိန်-ဒေါ်စောနွဲ့တို့၏သားကြီး

မောင်မျိုးတင်ရှိန်

B.E (Electronics) Y.I.T
MCP, MCSE, CISCO Certified Network Associate
Dip In IT (Network Engineering-Northem Sydney Institute)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဦးထွန်းမြတ်လမ်းသွယ်၊ အမှတ်(၁၆၁/E)နေ
ဦးအေးသိန်း (သံအမတ်ကြီး၊ ငြိမ်း)-ဒေါ်မြစန္ဒာ (အထက်တန်းပြ၊ ငြိမ်း)တို့၏သမီးလတ်

မစုစန္ဒာ(ခ)စုစန္ဒာသိန်း

B.Sc (Physics)

တို့၏ ၈-၁၁-၂၀၀၃ရက်နေ့ ရန်ကုန်မြို့ Dusit Inya Lake Hotel တွင် ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးများ၊ ခင်မင်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော သူငယ်ချင်းများနှင့် အစ်မရင်းတမျှ လိုလေသေးမရှိ ဂရုစိုက်စောင့်ရှောက်အကူအညီပေးခဲ့သော မခင်ရွှေပါလွင်တို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးတင်ရှိန်-မစုစန္ဒာ(ခ)စုစန္ဒာသိန်း။

Golden Hope Int'l Ltd.

တိုက်ခန်းရောင်းရန်

လှိုင်မြို့နယ်၊ သဇင်လမ်းသွယ်၊ မြေညီထပ်၊ 32'x45', 2MBR+ 1BR၊ ရေ၊ မီးစုံ၊ ပြင်ဆင်ပြီး။

ဖုန်း-၇၀၈၆၁၄။

စက်ရုံ/ဂိုဒေါင်ငှားရန်

တာမွေမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ ပေ 90x50 , RC, Power, ရေ၊ မီး၊ ဖုန်းပါ။

ဖုန်း-၂၀၃၅၂၅၊ ၅၄၂၆၂၈။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးစာအုပ် အမှတ် ၃၅၃၃၅၅မှာ မင်္ဂလာတောင်ညွန့်မြို့နယ်တွင်ပျောက်ဆုံးသွားပါ၍တွေ့ရှိကပြန်လည်ပေးပို့ပါ။ **မောင်တင်အေး၊အမှတ်-၆၅၊ ဒေါ်သိန်းတင်လမ်း(၄)လွှာ၊ဖုန်း-၂၄၉၀၀၆။**

Special Promotion

Queen Star Computer Center မှ ... Promotion Package ... (10 a.m) မှ (5 p.m) ...

ဆက်သွယ်ရန် : ...

Ph : 502801, 505278, 539151

VCD KARAOKE

ကုန်အမှတ်တံဆိပ် သတိပေးကြေငြာချက်

MAGICAL

ဦးဇော်ဦး B.Sc., R.L., D.B.L.

COVERMARK (Cometics) **& BEAUTY CENTER**

(၆)နှစ်ပြည့် နှစ်ပတ်လည်၏ ကျေးဇူးတင်နှုတ်ခွန်းဆက်နှင့် အထူးအစီအစဉ်

COVERMARK Center

Tel: 201662

BRIGHTER

အဆင့်မြင့် ခန်းဆီး၊လိုက်ကာ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှရရှိထားပြီးဖြစ်ပါသည်။ ယခုအခါအဆိုပါတိုက်ခန်း၏တိုက်ခန်းနေရာချထားခြင်းလက်မှတ်မူရင်းမှာ ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ဖြင့်အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုပေးရန် လျှောက်ထားလာသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းအကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းပိုင်ဆိုင်ခွင့်ရှိသူအမည်	မှတ်ပုံတင်အမှတ်	နေရာချထားခံရသည့်တိုက်နှင့်အခန်းအမှတ်
	ဒေါ်ရင်လှ	[၁၂/ဗဟန(နိုင်)၀၄၅၅၀၇]	တိုက်(၃) အခန်းအမှတ်(၆၀) ရွှေဂုံရိပ်မွန်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သိန်း (လှိုင်ထွန်းထွန်းမေတ္တာမြေ အိမ်၊ ခြံ၊ မြေ)၏ဖခင် ဦးစောမောင်သည် ၅-၁-၂၀၀၄နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လှိုင်ထွန်းထွန်းမေတ္တာမြေ အိမ်၊ ခြံ၊ မြေ ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ကြီး

အသက်(၈၅)နှစ်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
နိုင်ငံဂုဏ်ရည်(ဒုတိယဆင့်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ(အငြိမ်းစား)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံဂုဏ်ရည်(ဒုတိယဆင့်)ဦးမောင်မောင်ကြီးသည် ၃-၁-၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးဝန်ကြီးဌာန။

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဖေဖေနှင့်သားသမီးများအပေါ် မေတ္တာတရားကြီးမားလှသော အနန္တကျေးဇူးရှင် မေမေ ဒေါ်ချိုချို ချစ်တဲ့ဖေဖေနှင့်သားသမီးတွေကို ခွဲခွာထားခဲ့တာ ၇-၁-၂၀၀၄နေ့မှာ တစ်နှစ်ပြည့်ခဲ့ပါပြီ။

မေမေအားရည်စူးပြီး ပြုသမျှကုသိုလ်ကောင်းမှုတွေကို မြင်မြတ်တဲ့ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ---။

ဖေဖေ - **ဦးသန်းမောင်**
သမီးကြီး - **မောင်စစ်သူရဦး-မမိုးမိုးဦး**
သမီးလတ် - **မစိုးစိုးအေး**
သားကြီး - **ဗိုလ်မှူးသုဝဏ်-မနုလှိုင်ဝင်း**
သားငယ် - **မောင်ဉာဏ်လင်း**
သမီးငယ် - **မဖြိုးဖြိုးမောင်။**

မြန်မာတိုင်းရင်းဆေးမြစ်ပေါင်း
လေးဘက်နာ၊ လေငန်းလိမ်းဆေး

[illegible]

ဒေါ်မြင့်မြင့်စန်း (၄၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အောင်မင်္ဂလာ(၂)၊လမ်းသွယ်(၅)နေ (ဦးကုလားကြီး-ဒေါ်နှင်းလှ)တို့၏ စတုတ္ထသမီး၊ ဦးဘိုကြိုင်-ဒေါ်သိန်းတို့၏ချွေးမ၊ ဦးမြင့်စိန်(ပရိဘောဂလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးတင်လှိုင်)-ဒေါ်လှိုင်ရီ၊ ဦးကျော်တင့်-ဒေါ်ထားရီ၊ ပုဂံညောင်ဦးမြို့၊သက်တော်ရှည်ကျောင်းတိုက်ဆရာတော်ဦးကုဏ္ဍလ၏ နှမ၊ ဒေါ်လှသာ(JAT၊ အထက-၁၊ မှော်ဘီ)၏ ညီမ၊ ဒေါ်တင်တင်ဌေး(SAT၊ အထက-၁၊ စမ်းချောင်း)၏ အစ်မ၊ မောင်ထွဋ်ဝဏ္ဏ ထွန်း(2nd Yr. Physics)၊ မငုဝါဝါထွန်း၊ မမိုးမိုးယုဇနထွန်း၊ မချယ်ရီအေးမြမြ ထွန်း(3rd Yr. Computer University)၊ မသဇင်စုမြတ်စန္ဒီထွန်း(IX-B၊ အထက-၄၊ လှိုင်)တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ တူ၊ တူမ ၁၆ယောက်တို့၏ အဒေါ်သည် ၆-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ

ဦးသိန်းညိုလွင်(၄၁)နှစ်

အကောက်ခွန်မှူး

မန္တလေးမြို့နေ (အငြိမ်းစားတိုင်းမင်းကြီး ဦးကြည်လွင်)-ဒေါ်ညိုညိုဝင်းတို့၏ သား၊ ရန်ကုန်မြို့နေ (ရောဂါရှာဖွေရေးဆရာဝန်ကြီး ဦးခင်မောင်ရင်)-ဒေါ်ခင်ခင်ညွှန့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၅၇)၊ တိုက်(A)ဒုတိယထပ်နေ ဒေါ်မူယာ၏ ချစ်လှစွာရသော ခင်ပွန်း၊ မောင်ကောင်းပြည့်စုံ(စတုတ္ထတန်း-C၊ T.T.C)၊ မောင်ဘုန်းလကျာ်သိန်း(ပထမတန်း-B၊ T.T.C)တို့၏ ဖခင်၊ ဦးတင်ညိုလွင်၊ ဒေါ်နီနီဦးတို့၏ ညီ၊ ဦးမင်းညိုလွင်၏ အစ်ကို ဦးသိန်းညိုလွင်သည် ၆-၁-၂၀၀၄ရက် နံနက်တွင် ရန်ကုန်ဆေးရုံကြီး အသည်းရောဂါအထူးကုဌာန၌ ကွယ်လွန်သွားပါ၍ ၈-၁-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ဖိတ်ရင်(ခ)ချုံဖေရုပ်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၇၂)၊ လေးထပ်၊ ကမ်းနားလမ်း၊ လသာမြို့နယ်နေ (ဦးရန်မင်း-ဒေါ်ဘီလွမ်း)တို့၏ သမီး၊ ဦးတင်လှိုင်-ဒေါ်ခင်ကြူ၊ ဒေါ်လီလီဝင်း-ဦးစိန်ဝင်း၊ ဦးတင်အောင်-ဒေါ်အေးအေးဝင်း၊ ဦးထူးအော်-ဒေါ်ရွှေမာ၊ ဦးစိုးအောင်-ဒေါ်လှသန်းရီ၊ဦးတင်မြင့်-ဒေါ်အေးအေးသန်း၊ မလှလှဝင်းတို့၏ မိခင်၊ မြေး ၂၃ယောက်တို့၏ အဘွားသည် ၄-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ အထက်ပါနေအိမ်မှ ၈-၁-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးသက်ပြုံး (၇၆)နှစ်

(ဝိုင်းဝိုင်းအောင်ကားပစ္စည်းဆိုင်၊ တောင်ဒဂုံ)

သထုံမြို့နေ (ဦးလှစိန်-ဒေါ်စိန်ဖြူ)တို့၏သား၊ ဝေါမြို့နယ်၊ သူရဲသမိန်ရွာနေ (ဦးစိန်ယု-ဒေါ်ကျင်ကြူ)တို့၏ သားသမက်၊ သထုံမြို့၊ ဘုံကျောင်းလမ်းနေ (ဦးတိတ်စွန်း)-ဒေါ်မြသန်းတို့၏ ညီ/မောင်၊ အမှတ်(၁၁၇)၊ (၁၉/က) ရပ်ကွက်၊ လှော်ကားလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ (ဒေါ်ချစ်လွမ်)၏ ခင်ပွန်း၊ ကိုလွင်ဌေး-မစောစောဦးတို့၏ မွေးသဖခင်၊ မောင်ကျော်မျိုးမင်း၊ မောင်အောင်မျိုးဟိန်း၊ မခိုင်မျိုးစုတို့၏ အဘိုးသည် ၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်စိန် (၇၁)နှစ်

တန့်ဆည်မြို့နယ်အသင်း

စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ဖိုနွတ်ကျေးရွာနေ (ဦးနစ်ဦး)-ဒေါ်မြစိန်တို့၏ သမီး၊ ဦးမြင့်အေး-ဒေါ်ရီရီမြင့်(မ/၆၊ ဒဂုံမြို့သစ်မြောက်ပိုင်း)၊ ဦးသန်းတိုး(Asia World)-ဒေါ်ချိုချိုမြင့်၊ ဒေါ်ဝေဝေမြင့်၊ ဦးတင်စိုးအောင်-ဒေါ်ဝင်းသီတာ၊ ဦးလှထွန်း(အဝေးသင်)-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်မြင့်မြင့်မိုးတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး ခြောက်ယောက်တို့၏ အဘွား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်ပညာရေးဝန်ထမ်းလေးထပ်တိုက်ခန်းအိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၃) မြေညီထပ်နေအိမ်တွင် ၆-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဂျမ္မာဘီ(ခ)ဒေါ်ခင်မြတ်သွယ်
အသက်(၄၀)

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ အမှတ်(၃၁/၁၄၆)နေ ဟာဂျီဦးရန်မောင်ဒုတိယ ဗိုလ်မှူးကြီး(ငြိမ်း)-ဟာဂျီမဒေါ်သန်းရီတို့၏သမီးထွေး၊ ဒေါ်သီတာ-ဦးခင်မောင်လင်း၊ ဒေါ်စန်းစန်းနွယ်-ဦးဝင်းမြင့်၊ ဦးသန်းနိုင်-ဒေါ်တင်မေ၊ ဒေါ်ဖြူဖြူဝင်းတို့၏ညီမ/နှစ်မ၊ ဒေါ်ခင်မြတ်သွယ်သည် ၃-၁-၂၀၀၄ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၄-၁-၂၀၀၄ရက် အစ္စရ်နမာဇ်အပြီး ရေဝေးစွန္နီကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်းဒါယိကာမ

ဒေါ်စူးဝါး (၈၇)နှစ်

(ကျိုက်လတ်၊ မင်ဝိန်း)

ကျိုက်လတ်မြို့၊ အမှတ်(၅၈)၊ ၆x၇ ဗိုလ်ချုပ်လမ်းနေ (ဦးကျောင်းဝါး)၏ ဇနီး၊ ဦးယုဝမ်-ဒေါ်ပွေအင်၊ဦးစိန်-ဒေါ်ကြည်သင်း၊ မရှုတင့်၊ ဦးမျိုးမြင့်၊ မရှုတီ၊ မရှုမြင့်၊ ဦးယုဟုတ်၊ မပြုံးပြုံးရီတို့၏မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ကျိုက်လတ်မြို့ ပိတောက်မြိုင်သုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကျင်ဟင်း(ခ)ဦးလင်ကျင်ဟင်း
အသက်(၈၆)နှစ်

ဥက္ကဋ္ဌကျန့်တိတ်ဘုရားကျောင်းအဖွဲ့၊ဒိုက်ဦး

ဒိုက်ဦးမြို့၊ စာတိုက်လမ်း၊ အမှတ်(၁၃၆)၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ အမှတ်(၅၉)၊ ပထမထပ်နေ ဒေါ်စောယု၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးလင်ကျင်လင်း - ဒေါ်လှကြည်တို့၏ အစ်ကို၊ ဒိုက်ဦးမြို့နေ ဦးစံရွှေ-ဒေါ်တင်လှ(NTT အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ရန်ကုန်မြို့နေ ဒေါ်ခင်မြင့်ဝင်း-ဦးသိန်းလွင်(ဘုရင့်နောင်ပွဲရုံ)၊ ဒေါ်ခင်မြင့်မေ-ဦးအကိုင်း(ခာတ်ပုံဗွီဒီယို)၊ ဒေါ်ခင်မြင့်သန်း-ဦးအုန်းနိုင်(ထားဝယ်)၊ ဒေါက်တာထွန်းသန်း(လှိုင်ကော်ဆေးရုံကြီး)-ဒေါ်ဌေးဌေးမြင့်၊ ဒေါက်တာဖေအောင်-ဒေါ်သဇင်မြင့်၊ ဒေါ်ခင်မြင့်မြင့်-ဦးထွန်းအောင်(နန်းယုပျော်ပွဲစားရုံ)တို့၏ မွေးသဖခင်၊ မြေး ၁၅ယောက်တို့၏ အဘိုးသည် ၅-၁-၂၀၀၄(တနင်္လာနေ့) ည ၈း၃၀နာရီတွင် အမှတ်(၅၉)၊ (၁၆)လမ်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၁-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ထိုက်ထိုက် အသက်(၈၀)

တင်မိုးဝေဆေးဆိုင်၊ အင်းစိန်းမြို့ (ဓနုဖြူ)

အင်းစိန်းမြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၄)နေ (ဦးကျင်ညွှန့်-ဒေါ်ဖွားစိုး)တို့၏ သမီး၊ (ဦးကျစ်)၏ ချစ်လှစွာသောဇနီး၊ ဦးတင့်လွင်-ဒေါ်တိုးအေးအေး (အထက-၁၊ လှိုင်)၊ ဒေါ်မြမြအေး၊ ဒေါ်ခင်ဆွေမာ၊ ဒေါ်ဝေဝေလှိုင်တို့၏ မိခင် ဒေါ်ထိုက်ထိုက်သည် ၆-၁-၂၀၀၄ရက်တွင် အကယ်ဒမီအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၈-၁-၂၀၀၄ (ကြာသပတေးနေ့) မွန့်တည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ကိုမရန်ဂျော်ဂမ် (၂၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၇၀)၊ ဝိဇ္ဇာလမ်းသွယ်၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဦးမရန်ခွန်ဆိုင်း-ဒေါ်ဘောက်မိုင်တို့၏ ချစ်လှစွာသော သားဦး၊ ဦးအင်ဒိန်ဒါန်အောင်-ဒေါ်မရန်ဂျာနန်တို့၏ မောင်လေး၊ မရန်ခွန်နော်၊ မရန်ဆိုင်းဘူ၊ မရန်ဆိုင်းပါတို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၅-၁-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဆုတောင်းဝတ်ပြုပြီးဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်မြိုင်(ခ)လင်အော့ကက်
အသက်(၉၂)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၄၂)၊ နတ်စင်လမ်း၊ မကျည်းတန်းအရှေ့ရပ်ကွက်နေ (ဦးစံမင်း)၏ ဇနီး၊ ဦးလှမြင့်-ဒေါ်ရှုကို၊ ဒေါ်ရှုခင်၊ ဦးစံမြ-ဒေါ်ကျင်တီ၊ မိုးကျော်လွင်-ဒေါ်အေးအေးဝင်း၊ ဦးကျော်မြင့်-ဒေါ်ရင်သိန်းတို့၏မွေးသမိခင်၊ မြေး၃၃ယောက်၊ မြစ်၄၂ယောက်တို့၏ အဘွားသည် ၆-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီ တွင်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်မြင့် (၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးဘမော်-ဒေါ်ဖွား)တို့၏သမီး၊ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်း (ဆသရ၊ အရာရှိရိပ်သာ)နေ ဦးမြင့်သိန်း၏ ဇနီး၊ ဦးကြီးမြင့်-ဒေါ်ခင်စန်းမြင့်၊ ဒေါ်မာမာမြင့်၊ ဗိုလ်မှူးမျိုးတင့်-ဒေါ်ချိုချိုမြင့်၊ ဦးမောင်မောင်ဆွေသိန်း - ဒေါ်ခင်သိန်းမြင့်၊ (ဒေါ်သန်းသန်းမြင့်)၊ ဦးမောင်မောင်သွင်-ဒေါ်မူမူမြင့်၊ ဦးမြတ်ကိုကို-ဒေါ်နှင်းနွယ်ပုတို့၏ မွေးသမိခင်၊ မဖြိုးစန္ဒာမျိုး၊ မောင်အောင်သီဟမျိုးတို့၏ အဘွားသည် ၅-၁-၂၀၀၄(တနင်္လာနေ့) နံနက် ၃း၄၅နာရီတွင် ဗဟိုစည်အထူးကု ဆေးခန်း၌ ကွယ်လွန်ပါ၍ ၇-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမြင့် (၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးမိုန်-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးလွှန်း-ဒေါ်သန်း)တို့၏ ချွေးမ၊ (ဦးဘနှစ်)-ဒေါ်ပုတို့၏ တူမ၊ ဦးချစ်လွင်-ဒေါ်စန်းသိန်း၏ ညီမ၊ ရန်ကုန်မြို့၊သာကေတမြို့နယ်၊(၈)ရပ်ကွက်၊ မြနန္ဒာလမ်းမ၊ အမှတ်(၁၀၄/က)နေ (ဦးသန်းညွှန့်)၏ ဇနီး၊ ကိုအောင်နိုင်(တပ်မတော်-ရေ)၊ ကိုဝင်းနိုင်- မညိုညိုအေး၊ ကိုရဲနိုင်၊ ကိုခိုင်မြင့်မောင်-မမီမီခိုင်၊ ကိုတင်ကိုကိုတို့၏ မွေးသမိခင်၊ တူမနှစ်ယောက်တို့၏ အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၅-၁-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဆအီဒါဘီ(ခ)ဒေါ်သီတာ
အသက်(၅၆)နှစ်

(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့နေ (ဒေါ်ဘေတီ)၏ မြေး၊ (ဦးဘာဘူ-ဒေါ်နူရ်ရီ)တို့၏ သမီး၊ (ကိုမြင့်ဦး-မဘေဘီ)တို့၏ညီမ၊ (မခင်မူထွေး)၏အစ်မ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊သပြေကုန်းရပ်ကွက်၊ (၁၂၄)လမ်း၊ အမှတ်(၂၃/ပ)ထပ်နေ (ဦးညွှန့်-ဒေါ်ခင်ကြည်)တို့၏ချွေးမ၊ ဦးမောင်မောင်အေး - မစောစန္ဒာဦး၊ (ကိုတင်အောင်မိုး(ခ)မိုးမိုး)-မမြတ်မြတ်မွေး၊ကိုမျိုးဝင်း(ခ)မျိုးမျိုး-မလွင်မာထွန်း၊ ကိုမိုးကျော်-မခင်ဥမ္မာဌေးတို့၏မွေးမိခင်၊ မြေးလေးယောက်တို့၏ အဘွား၊ ဦးဟန်ဌေး၏ ချစ်လှစွာသောဇနီး ဆအီဒါဘီ(ခ) ဒေါ်သီတာသည် ၆-၁-၂၀၀၄ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၇-၁-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုကျော်မျိုးမင်း(ခ)အငယ်လေး
အသက်(၃၁)နှစ်

(B.Sc. Chemistry)

အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ အမှတ်(၃)၊ ဆီဆုံလမ်း၊ ငါးလွှာဝဲအခန်းနေ ဦးမောင်မောင်လေး-ဒေါ်စန်းစန်းတို့၏ သားငယ်၊ ဦးသိန်းထွန်း(ဆက်သွယ်ရေး) - ဒေါ်ကြွယ်ကြွယ်တို့၏ သားသမက်၊ ကိုအောင်မျိုးမင်း-မယင်းမာသောင်းတို့၏ညီ(မတင်မိုးသူ)၏ခင်ပွန်း၊ မမြတ်နိုးခင်(ခ)မီကို(Santa Nursery)၏ဖခင်၊ မောင်ဇွဲခန့်မျိုး(ခ) ဖိုးသားလေး၏ ဦးလေး၊ ဦးသိန်းထွဋ်-ဒေါ်တင်တင်သန့်၊ ဦးဌေးလွင်-ဒေါ်တင်တင်ကြူ၊ ဦးကိုကိုအောင် - ဒေါ်ညွှန့်ညွှန့်အေး၊ ဦးတင်ဝင်း-ဒေါ်လဲ့မူမူ၊ ဦးဇော်ဇော်(မိတ်ကပ်၊ ထီလာ)၊ ဒေါက်တာဦးအေးမြင့်-ဒေါ်တင်တင်လေး၊ ဦးကိုကိုလေး-ဒေါ်မြမြ၊ ဦးကျော်ကျော်လေး၊ ဦးဦးလေး၊ ဦးထွန်းထွန်းလေး၊ ဒေါ်ခင်ခင်လေး၊ ဒေါ်နီနီလေးတို့၏တူသည် ၆-၁-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၈-၁-၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ဇရပ်၊ ရဟန်း ဒါယိကာမကြီး

ဒေါ်စိန်ကြည် (၈၄)နှစ်

(ရွှေတောင်)

ပြည်ခရိုင်၊ ရွှေတောင်မြို့၊ ပြည်တန်း (ဦးမောင်တင်)၏ ဇနီး၊ ဦးမြင့်သိန်း-ဒေါ်ခင်သန်းဆွေ၊ဦးညီသန်း(ဆည်မြောင်း၊ မကွေး)-ဒေါ်ဝေဝေ၊ ဦးသန်းဇော်-ဒေါ်တင်ရီ၊ ဒေါ်ဆွေဆွေမြင့်၊ ဦးမြင့်ဇော်-ဒေါ်တင်တင်၊ဗိုလ်မှူးမြင့်ဝေ-ဒေါ်သင်းသင်းချို(မြို့နယ်တရားသူကြီး၊ ရေးမြို့)တို့၏ချစ်လှစွာသော မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ပြည်တန်း၊ ရွှေတောင်မြို့နေအိမ်၌ ၆-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈-၁-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတောင်မြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရဟန်းဒါယိကာမကြီး

ဒေါ်ကြူ (၈၃)နှစ်

(မြိတ်)

မြိတ်မြို့၊ ရေပုန်းရပ်နေ(ဦးရှုဝမ်-ဒေါ်နီ)တို့၏ သမီးလတ်၊ (ဦးသန်အီ-ဒေါ်စိန်မျှင်)တို့၏ ချွေးမ၊ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)၊ ဓီဇဝါလမ်းနှင့် အိမ်ကြီးလမ်းထောင့်၊ ရေကျော်ရပ်နေ(ဦးကိုကြည်)၏ ဇနီး၊ ဦးဌေးမြင့်-ဒေါ်ညိုညိုစိမ့်၊ ဦးဘမောင်ချိန်-ဒေါ်ခင်သန်းဝင်း၊ ဦးဘသန်းချိန်-ဒေါ်ခင်ဆွေဦး၊ ဦးသင်းနိုင်-ဒေါ်တင်တင်ဝေ၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း၊မြန်မာ့သစ်လုပ်ငန်း၊ အလုံ)-ဒေါက်တာမေမေယု၊ ဒေါက်တာသန်းဌေး-ဒေါက်တာစန်းစန်းသော်(မင်္ဂလာဆေးကုခန်း၊ ရေကျော်)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး ၁၉ယောက်၊ မြစ် နှစ်ယောက်တို့၏ ဘွားဘွားသည် အထက်ပါနေအိမ်၌ ၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၀၄(သောကြာနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ပြုံး (၄၇)နှစ်

တိုနီပြုံးအလှပြင် (ရေကြည်)

ရေကြည်မြို့၊ နေဝင်း(၁)လမ်းနေ ဦးထွန်းခင်-ဒေါ်တင်ရီတို့၏ သမီး၊ ဒေါ်ခိုင်ခိုင်၊ ဦးလွင်ရှိန်-ဒေါ်နိုင်နိုင်၊ ဦးတင်မြင့်-ဒေါ်သီတာ၊ ဦးဇော်ထွန်း-ဒေါ်သီတာကျော်၊ ဦးညီညီထွန်း၊ မမင်းမင်းထွေးတို့၏ အစ်မကြီး၊ ဦးအောင်မြင့်၏ ဇနီး၊ မျိုးသီဟအောင်၊ မြတ်သူရအောင်တို့၏ ချစ်လှစွာသောမိခင်သည် ရန်ကုန်ဆေးရုံကြီး၌ ၆-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစိန်မျိုးဝင်း(ဒိုးဒီ)(၃၆)နှစ်

B.A (Mya) M.Din

ရန်ကုန်မြို့၊ မြေနီကုန်းတောင်၊ ဦးဝိစာရလမ်းသွယ်၊ တိုက်(၁၀၄/၇)နေ (ဦးဘအေးဝင်း)-ဒေါ်အက် စတာစံလှိုင်တို့၏ သားကြီး၊ (ဦးမောင်လှ)-ဒေါ်စနိုးဒြော်ဗ်တို့၏ သားသမက်၊ ကိုလှိုင်မျိုးဝင်း-မနေနေနွေး၊ ကိုခိုင်မျိုးဝင်း၊ မတင်နွယ်ဝင်း၊ ကိုရန်နိုင်ဝင်း-မစန္ဒာ၊ ကိုနေမျိုးဝင်းတို့၏ အစ်ကိုကြီး၊ နော်ပန်းအိန္ဒြာဝင်း၊ စောဂျောရှုဝါဝင်းတို့၏ ချစ်လှစွာသောဖခင်၊ နော်ဂရေ့စ်ပန်းပန်းလှ၏ ချစ်လှစွာသောခင်ပွန်း ဦးစိန်မျိုးဝင်းသည် ၆-၁-၂၀၀၄ရက် နံနက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

မနန်းစုလှိုင်အေး (၂၃)နှစ်

ရက္ခဗေဒ(တတိယနှစ်)

(အဝေးသင်တက္ကသိုလ်-သန်လျင်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၅၁)၊ (၄-လွှာ၊ ဝဲ)နေ ဦးသန်းထွန်း (ဒု-အကောက်ခွန်မှူး)-ဒေါ်ခင်အေးမူတို့၏ သမီး၊ ကိုစိုင်းလင်း-မဖြူဖြူဝင်း၊မနန်းခက်နွယ်ထွန်း၊ ဗိုလ်စိုင်းသော်စိုးတို့၏ ညီမ၊ မနန်းအိငယ်ထွန်း၊ မနန်းအေးအေးအောင်ထွန်းတို့၏ အစ်မ၊ မလင်းရွှေရည်ဝင်း၊ မဖူးပွင့်ရွှေရည်ဦးတို့၏ အဒေါ်၊ ဦးဇော်မြင့်(လဝက)-ဒေါ်အေးအေးနွယ်၊ ဦးဇော်မင်း-ဒေါ်ဝေဝေ၊ ဦးဇော်လင်း-မမော်မော်အောင်တို့၏ တူမသည် ၆-၁-၂၀၀၄ရက် နံနက်၃း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၈-၁-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်၍၊ ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှစိန် (၉၂)နှစ်

(မြို့နယ်တရားသူကြီး၊ ငြိမ်း) (ပိုင်ကျုံကြီး)

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ပိုင်ကျုံကြီးနေ (ဦးနု-ဒေါ်နှင်းပွင့်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၁၀၄)၊ရန်ကင်းစင်တာ(Y.C.D.C)နေ ဒေါ်ကျင်စိန်၏ခင်ပွန်း၊ (ဦးသန်းထွဋ်)-ဒေါ်ယဉ်စိန်၊ အရာဏ်ဦးကျော်မြင့်-ဒေါ်အေးအေးသန်း၊ ဦးစိန်မြင့်- ဒေါ်ကြည်လေးနု(အလက-၄၊ ခွဲ၊ ရန်ကင်း)၊ ဦးရဲဝင်းအောင်-ဒေါ်ခင်ဌေးမူတို့၏ ဖခင်၊ ကိုဇော်(အရာဏ်ဦး)-မသီတာစိုး၊ (မောင်ဝင်းကျော်စိုး)၊ မောင်အောင်ဖြိုးဦး၊ မောင်သက်ဇေညီမ်း(ခေတ္တ-စင်ကာပူ)တို့၏အဘိုး၊ ပွင့်သိဂ်ဇော်၊ ပွင့်မာလာသော်၊ သုနန္ဒာအောင်တို့၏ဘိုးဘိုးကြီး ဦးလှစိန်သည် သျှင်ပါကူအထူးကုဆေးခန်း၌ ၆-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(ရန်ကင်းစင်တာ(Y.C.D.C)နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည် (၆၉)နှစ်

သတင်းစာကိုယ်စားလှယ် (မိုးညှင်း)

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ နမ်းမမြို့နေ (ဦးဘသိန်း-ဒေါ်ခင်လုံ)တို့၏ သမီးကြီး၊ မိုးညှင်းမြို့၊ အုတ်ကျင်းရပ်ကွက်နေ (ဦးဆရဝမ်းဆင်-ဒေါ်ကွယ်)တို့၏ သမီးချွေးမ၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်နေ ဒေါ်ညိုဒေါ်သေးသေး(ပြည်နယ်ပညာစစ်ဆေးရေး၊ ငြိမ်း)တို့၏ တူမ၊ မိုးညှင်းမြို့နေ (ဦးသန်းမောင်) - ဒေါ်အမာကြည်၊ ဦးကျော်ဒွန်း(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-(ဒေါ်သန်းရင်)၊ ဦးဝင်းမောင်-ဒေါ်သန်းမြင့်၊ ဒေါ်ဘီ၊ ဒေါ်ဘေဘီ၊ (ဦးမောင်ဘူ)-ဒေါ်သန်းကြည်တို့၏အစ်မကြီး၊ မိုးညှင်းမြို့၊နားခါတောင်(၁၀၉)နေ (ဦးဘသိမ်)၏ဇနီး၊ ဦးဝင်းငွေ-ဒေါ်ခင်မမ၊ ဒေါ်ခင်မြမြ(သိပ္ပံနည်းပြ၊ မြစ်ကြီးနားပညာရေးကောလိပ်)၊ (ကိုခင်မောင်ဇော်- မသန်းသန်းဝင်း)၊ (ကိုခင်မောင်ဝင်း)၊ ကိုခင်မောင်နိုင်တို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၆-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈-၁-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မိုးညှင်းမြို့ သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဟန်မြတ်မော် (၅၆)နှစ်

တေးသံရှင်တက္ကသိုလ်မြတ်မော်

B.Econ (PD)

မြန်မာ့ရုပ်မြင်သံကြားဦးစီးအရာရှိ(ငြိမ်း) (နတ်မောက်)

နတ်မောက်မြို့နေ (ဦးမြတ်မောင်-ဒေါ်ကြည်မြ)တို့၏သားငယ်၊ ရန်ကုန်မြို့၊ တိုက်(၂၈၉)၊ အခန်း(၂)၊ ရန်အောင်လမ်းသွယ်(၃) လမ်း၊ အရှေ့ရန်ကင်းနေ (ဦးစိန်လှမောင်-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဦးဟန်ဇော်[အင်ဂျင်နီယာချုပ်(တံတား)] - ဒေါ်သွင်သွင်အေးမိ[အင်ဂျင်နီယာမှူး(ဗိသုကာ)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]၏ညီ၊ဒေါ်သန်းသန်းဌေး(Pan Sea Hotal)၊ ဒေါ်ခင်ခင်စုတို့၏ အစ်ကိုကြီး၊ တစ်ခိုင်လုံးရွှေအေးအေးမြင့်(အကနည်းပြဆရာမ)၏ ကျေးဇူးရှင်ဆရာခင်ပွန်း၊ မောင်မြင့်မြတ်မောင်(စတုတ္ထတန်း-A၊ အမက-၃၊ ဗဟန်း)၏ ချစ်လှစွာသော ကျေးဇူးရှင်ဖေဖေ၊ မခိုင်ဝေဇော်၊ ကိုလင်းမောင်ဇော်၊ မမေသွင်ဇော်တို့၏ ချစ်လှစွာသော ဦးလေးသည် ၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မခင်အေးနွယ်(ခ)အမိနာ
အသက်(၂၅)နှစ်

B.Sc. Chem:

အထက(၄)၊ ဗိုလ်တထောင်ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ်(၃၂)နေ (ဦးမောင်ညွှန့်-ဒေါ်ခင်မြနွယ်)တို့၏ သမီး၊ ဦးအောင်မြင့်(E/E Ex: Maersk Sersya) - ဒေါ်စန်းစန်းယုတို့၏ ညီမ၊ ဦးအောင်သန်း-ဒေါ်မြင့်မြင့်မူ၊ ဦးသိန်းနိုင်-ဒေါ်လှလှချို၊ ဦးသန်းထွဋ်ဦး-ဒေါ်အေးအေးသင်း၊ ဦးအောင်နိုင်ဦး-ဒေါ်အေးအေး၊ ဦးစန်းတင့်-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ဥမ္မာကြိုင်တို့၏ တူမ၊ မောင်ဟိန်းအောင်ဇော်၏ မမကြီးသည် ၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဦးညာဏမဟာထေရ်
သိက္ခာတော်(၇၃)ဝါ၊ သက်တော်(၉၃)နှစ်

ကော့ကရိတ်မြို့နယ်၊ မင်းရွာကျောင်းတိုက်၏ ဦးစီးပဓာနနာယကဘဒ္ဒန္တ ဦးညာဏမဟာထေရ်ဆရာတော်ကြီးသည် ၁၃၆၅ခုနှစ်၊ ပြာသိုလဆန်း ၁၀ရက်၊ ၁-၁-၂၀၀၄(ကြာသပတေးနေ့) နံနက် ၉း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသည်ဖြစ်၍ ရပ်ဝေးရပ်နီးမှ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား သိစေရန်အကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိစျာပန ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။

တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများ၊ မင်းရွာကျေးရွာ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ မေဓာနန္ဒ မဟာထေရ်
သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၁)နှစ်

မြို့နယ်သံဃနာယက(ဟောင်း)

ဒဂုံမြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဥက္ကဋ္ဌ

ကျားကူးပရိယတ္တိစာသင်တိုက်တိုက်အုပ်ဆရာတော်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ယောမင်းကြီးရပ်ကွက်၊ ကျားကူးပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်ဆရာတော်၊ မြို့နယ်သံဃနာယက(ဟောင်း)၊ ဒဂုံမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ မေဓာနန္ဒ မဟာထေရ်မြတ်သည် ၁၃၆၅ခု ပြာသိုလဆန်း ၁၄ရက်၊ ၅-၁-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို ၁၃၆၅ခု ပြာသိုလဆုတ် ၃ရက်၊၉-၁-၂၀၀၄ (သောကြာနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်၌ သာခုကီဠုန အန္တိမအဂ္ဂိသဘင်ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ကျားကူးပရိယတ္တိစာသင်တိုက်တွင်ကျင်းပပြီး ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်မြတ်နှင့်အတူ ကားများ ကျားကူးပရိယတ္တိစာသင်တိုက်မှ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။

နာယကဆရာတော်ကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးစောမောင် (၇၁)နှစ်

မော်လမြိုင်ကျွန်းမြို့နယ် ဗမော်ကျေးရွာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၅)ရပ်ကွက်၊ ဗညားလမ်း၊ အမှတ်(၆၁၅-၆၁၆)နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးစိန်ဟန်-ဒေါ်လှနွဲ့၊ ဦးမြင့်ဟန်-ဒေါ်ဝင်းသန်း၊ ဦးမြင့်သိန်း(လှိုင်ထွန်းထွန်း မေတ္တာမြေ အိမ်၊ ခြံ၊ မြေ)-ဒေါ်တင်ရွှေ၊ ဦးမြင့်ဝင်း-ဒေါ်မြင့်မြင့်ဦး၊ ဦးသိန်းထွေး-ဒေါ်ဌေးနွဲ့၊ မောင်မြင့်လွင်၊ မစုစုလှိုင်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေး ၁၄ယောက်တို့၏ အဘိုးသည်၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇-၁-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းဌေး (၅၅)နှစ်

မြို့နယ်ဥပဒေအရာရှိ၊ ဇေယျ-၅၉/၆၀

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း(၅၀)၊ တိုက်(၅)၊ အခန်း(၅)နေ (ဦးမြမောင်)-ဒေါ်မြသောင်းတို့၏ သားသမက်၊ (ဦးမောင်မောင်)-ဒေါ်ကြည်တို့၏ သား၊ ဒေါ်တင်လေးသန်း(မိုနာ)၏ ခင်ပွန်း၊ မောင်ပိုင်သိန်းဇံ(အထက၊ အုတ်ဖို)၊ မဆုမြတ်ဌေးတို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်ခင်အေးမူ၊ ဦးအုန်းကျော်၊ ဒေါ်မြတ်လေးသန်း(KMN Trading)၊ ဒေါ်ဥမ္မာသန်း(တရားသူကြီးချုပ်ရုံး)တို့၏ အစ်ကို/မောင်၊ မရွှေရည်သင်း၏ ဘကြီးသည် ၆-၁-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၈-၁-၂၀၀၄ (ကြာသပ တေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၁၁း၃၀နာရီနှင့် နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဝင်း (၄၆)နှစ်

စစ်ကွင်းရာသက်ပန်အသင်းဝင်

ရန်ကုန်မြို့၊ ပင်မရေနံ-ခနိတော၊ သန်လျက်စွန်းနေ (ဦးသောင်း-ဒေါ်စိန်ရင်)တို့၏ သမီး၊ ပဲခူးတိုင်း၊ စစ်ကွင်းမြို့နယ်နေ (ဦးစောဖေ-ဒေါ်သန်းခင်)တို့၏ချွေးမ၊ ဒေါ်လှလှ၊ ဦးတင်အောင်(MPPE၊ ငြိမ်း)-ဒေါ်ကြည်ကြည်၊ ဦးကျော်လွင်(MPPE၊ ခနိတော)-ဒေါ်မြင့်မြင့်တို့၏ညီမ၊ ဦးစက်ဗိုလ်(MPPE၊ သာကေတ)-ဒေါ်စန်းစန်းထွေး၊ ဦးခင်မောင်သောင်း-ဒေါ်နီနီဦးတို့၏အစ်မ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄)ရပ်ကွက်၊ မြို့မ(၁၁)လမ်း၊ အလယ်နေ ဦးအကူး(ခ)ဦးခင်မောင်အေး၏ဇနီး၊ မခင်မိုမိုသက်(အထက-၃၊ သာကေတ)၊ မောင်ကျော်ဇောထွန်း(အထက-၃၊ သာကေတ)တို့၏ မွေးသမိခင်သည် ၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၁၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

သားဖွားဆေးခန်းများအလှူရှင်၊ ကျောင်းဒါယကာကြီး

ဦးထွန်းအေး (၈၄)နှစ်

မော်ကွန်းဝင်တတိယဆင့် (မန္တလေး)

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ရွှေဘုံသာလမ်း၊ အမှတ်(၃၄၃)နေ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ဒေါ်ခင်အေးမြင့်၊ (ဦးဝင်းမောင်-ဒေါ်လှလှမေ)၊ ဒေါ်သန်းသန်းဌေး၊ ဦးမြတ်စိုး-ဒေါ်သူဇာညွှန့်၊ ဒေါ်မြမြသွေး-ဦးမျိုးညွှန့်ဝင်း၊ ဦးမျိုးညွှန့်-ဒေါ်စုစုအောင်၊ ဒေါ်ခင်ခင်ဆွေတို့၏ ချစ်လှစွာသော ဖခင်၊ မြေးကိုးယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၅-၄-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး

ဦးငွေတင် (၆၁)နှစ်

အမှတ်(၈)သစ်စက်၊ အရောင်းတာဝန်ခံ(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း (မော်လမြိုင်)

မော်လမြိုင်မြို့နေ (ဦးငွေသာ-ဒေါ်သိန်း၊ဒေါ်လှရှင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသင်-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ အမှတ်(၁၂၅၇)၊ ပိတောက်မြိုင်(၃)လမ်း၊ မြန်မာ့သစ်လုပ်ငန်း၊ (၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့နေ ဒေါ်ခင်အေးရီ(အေးကမ္ဘာ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်ကျော်ဦး-ဒေါ်ခင်မြအေး၊ ဒေါ်ချိုချိုမာ၊ ဒေါ်အေးအေးမာ၊ ဒေါ်ညိုညိုမာ၊ ဦးယဉ်ထွေး-ဒေါ်စန်းစန်းအေးတို့၏ ချစ်လှစွာသောဖခင်၊ မသဲဦးမိုး၊ မောင်ဝေလျှံဖြိုး၊ မောင်အောင်ဇင်ကိုကိုတို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၅-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဝင်းအောင် (၄၇)နှစ်

(Lucky Rose Video) ဗိုလ်ချုပ်ဈေး

အမှတ်(၁၉)၊ ဝိသုကြလမ်းသွယ်(၁)၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးကိုလေး-ဒေါ်အေးရှိန်)တို့၏ သား၊ (ဦးမြင့်ဦး)၊ ဒေါ်ခင်ဌေး၊ ဦးဌေးမြင့်-ဒေါ်အေးတင့်၊ ဒေါ်ခင်အေးတို့၏ညီ/မောင်၊ ဒေါ်ခင်ထွေးရီ၊ ဦးကိုကိုကြီး၊ ဒေါ်ခင်ဆွေရည်၊ ဦးခင်မောင်ထွေး-ဒေါ်စန်းစန်းဝင်း(ကမ္ဘောဇဓာတ်ခွဲခန်း)၊ ဦးဇော်အောင်-ဒေါ်အေးအေးစန်းတို့၏ အစ်ကိုသည် ၅-၁-၂၀၀၄(တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့၌ တည်ဆောက်နေသော တိုင်းရင်းဆေး တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်နှင့်မန္တလေးကို နိုင်ငံတကာမြို့တော်ကြီးများဂုဏ်အင်္ဂါနှင့်အညီ တင့်တင့်တယ်တယ်ဖြစ်ထွန်းလာစေရေး စနစ်တကျဆောင်ရွက်စေလျက်ရှိ

လုပ်ငန်းရှင်များနှင့်ပြည်သူများ မျှမျှတတ အကျိုးရရှိစေရေး ထိန်းညှိပေးရန်လို

ရန်ကုန် ဇန်နဝါရီ ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူး မွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်အခမ်းအနားကို တက်ရောက်ကြပြီး နံနက် ၁၀နာရီခွဲတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့်အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး) မွမ်းမံပြင်ဆင်တည်ဆောက်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့စက်ရုံနှင့်အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး) အဆောက်အအုံများ၏ အကွက်ချပုံစံ၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ရောဂါရှာဖွေရေး၊ သားဖွားသင်တန်းကျောင်း၊ သူနာပြုဆောင်၊ အစည်းအဝေးခန်းမ၊ လူနာဆောင်(မီးယပ်ရောဂါ)၊ လူနာဆောင် (မမွေးဖွားမီ)၊ လူနာဆောင်(မွေးဖွားပြီး)၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ➪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၁၉၇၆၃၈

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြင်ကွင်းတွင် တင့်တယ်ခံ့ညား သာယာလှပရေး နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ ခေတ်မီအဆင့်မြင့်အိမ်ရာများ တည်ဆောက်

သတင်းဆောင်းပါး –ရွှေတင်အုန်း၊ အောင်နိုင်ဦး၊ ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိရာ ယနေ့အချိန်အခါတွင် အမိမြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာကြသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများနှင့် ဒေသဖွံ့ဖြိုးရေးများ ဖြစ်ပေါ်လာခဲ့သည်။

တစ်ဖန်အမျိုးသားစီးပွားရေးမူဝါဒကိုလည်းပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးသော ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့ပြီး အမျိုးသားစီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လိုက်လျောညီထွေဖြစ်စေခဲ့သည်။ ထို့ပြင် လမ်းတံတားများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်၊ကောလိပ်၊ ဆေးရုံ၊ လေဆိပ်များ၊ ဆိပ်ကမ်းများစသည့် ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများကိုလည်း နိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ကြက်တည်ဆောက်နိုင်ခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောက်လုပ်သော သံသုမာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်ရှိ ရွှေအင်ကြင်းရိပ်မွန် အဆင့်မြင့်အိမ်ရာစီမံကိန်းကိုတွေ့ရစဉ်။ ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)